# ချောင်းကြည့်ပေါက်မှသည်

## မျှော်လင့်ခြင်း

# ဒီမိုကရေစီသို့

မြန်မာ့နိုင်ငံရေးဆောင်းပါးနှင့် သတင်းဆောင်းပါးများ

**မျိုးသစ်**

မင်းသူ ကလောင်အမည်ဖြင့်
THE STREET VIEW ဂျာနယ်တွင်
ရေးသားခဲ့သော ဆောင်းပါးများနှင့်
အခြားဆောင်းပါးများ



# အမှာ စာ



(စာရေး သူသည် the street view ဂျာနယ် လက်ထောက်အယ်ဒီတာအ ဖြစ်
လုပ်ကိုင်လျက်ရှိပြီး

မဂ္ဂဇင်း၊ ဂျာနယ်နှင့် အွန်လိုင်းစာမျက်နှာများ တွင်

မှုံသစ်၊ မင်းသူ၊ မူးရစ် စသည့် ကလောင်များ ဖြင့်

ကဗျာများ ၊ ဆောင်းပါးများ ၊ ရသအက်ဆေးများ ၊ သရော်စာများ ရေး သားလျက်ရှိသည်။)

•••

## ဤစာအုပ်နှင့်ပတ်သက်၍

စာရေး သူသည် နိုင်ငံရေး ကျွမ်းကျင်သူ ပညာရှင်တစ်ဦးမဟုတ်ဘဲ သာမန်လူငယ်သတင်းစာသမားတစ်ဦးသာ ဖြစ်ကြောင်း ဦးစွာ အသိပေးလိုပါ သည်။

စာအုပ်တွင် ပါရှိသော ဆောင်းပါးအများ စုနှင့် သတင်းဆောင်းပါးများ မှာ The street view ဂျာနယ်တွင် မင်းသူ ကလောင်ဖြင့် ရေး သားဖော် ပြခဲ့သော ဆောင်းပါးများ ဖြစ်ပါသည်။

စာအုပ်ပါ ဆောင်းပါးများ နှင့် သတင်းဆောင်းပါးများ မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်းကူးပြောင်းမှု ဖြစ်စဉ်အတွင် းက နိုင်ငံရေး ဖြစ်ရပ်များ တိုင်းပြည်အတွင် းကြုံတွေ့ခဲ့ရသော သတင်း ဖြစ်ရပ်များ နှင့် နိုင်ငံရေး ပြုပြင် ပြောင်းလဲမှု ဖြစ်စဉ်များ အပေါ်အဓိကထား၍ သုံးသပ်ရေး သားထားခြင်း ဖြစ် သည်။

စာဖတ်သူများ အနေဖြင့် မြန်မာ့နိုင်ငံရေး အသွင်းကူးပြောင်းမှု ဖြစ်စဉ် အတွင် းက နိုင်ငံရေး ဖြစ်စဉ်များ ၊ လူမှု စီးပွားဘ၀အခြေအနေများ ၊ စတာတွေ အပေါ် တစ်စုံတစ်ရာ သုံးသပ်အကဲခတ်မိနိုင်ဖို့ ဤစာအုပ်က အထောက်အကူ ပြုပေးနိုင်လိမ့်မည် ဟု ယုံကြည်ပါသည်။

ယနေ့သတင်း ဖြစ်ရပ်များ ကနောက်တစ်ချိန်တွင် သမိုင်း ဖြစ်လာ မည် ဆိုသည်ကိုယုံကြည်သည့်အတိုင်း နောင်အနာဂတ်၌ မြန်မာ့ဒီမိုကရေစီ အသွင်းကူးပြောင်းမှု ဖြစ်စဉ်အား သမိုင်းအ ဖြစ်ရေး သားပုံဖော်ရာတွင် စာအုပ်ပါ အကြောင်းအရာအချက်အလက်များ က တစ်စွန်းတစ်စ ဖြစ် ဖြစ် ပံ့ပိုးကူညီပေးနိုင်ဖို့

မျှော်လင့်မိပါသည်။

ချစ်ခြင်းမေတ္တာနှင့် ဉာဏ်ပညာပြည့်ဝကြပါစေ ...

မှုသစ်

...

## ကိုညီ (Geography)၏ အမှာ

လူငယ်နှင့် နိုင်ငံရေး သတင်းသမား၊ နိုင်ငံရေး ဆောင်းပါးကို ရေး သားနေ သည့် မြန်မာနိုင်ငံရေး ၏ ပြောင်းလဲနေသော ရေစီးကြောင်းနှင့် လိုက်ပါနေ သည့် မင်းသူက သူ၏ ဆောင်းပါးစုစာအုပ်တွင် အမှာ စာရေး ရန် ကျွန်တော့် ကို အပူကပ်သည်။ အသက်အားဖြင့် ၊ အတွေ့ကြုံအားဖြင့် သူ့ထက်ကြီးသော် လည်း မြန်မာနိုင်ငံရေး ရာ စာပေရေး သားမှု တွင်တော့ ကာလတစ်ခု၏ တူရ ချက်အရ စာရေး သက်အတူတူပင် ဖြစ်လောက်၏ ။ တိတိပပဆိုရလျှင် သူ၏ နိုင်ငံရေး ကလောင်သည် ပုံနှိပ်မှတ်တမ်းများ အရ ကျွန်တော် ထက်စောပါ သည်။

မင်းသူ၏ စာအုပ်အတွက် အမှာ စာရေး ရန်စဉ်းစားချိန်တွင် သူ့ထက်သူ့ဆရာကို သတိရမိသည်။ ကျွန်တော့်ကို စာရေး ရန် တိုက်တွန်းလေ့ရှိသော ဆရာအောင်ထွဋ်နှင့်သူ၏ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေးခဲ့သော မင်းသူ၊ ကျောပိုးအိတ်တစ်လုံးနှင့် ခပ်ကုပ်ကုပ် လူငယ် တစ်ယောက် ။ မင်းသူ၏ စာများ တွင် ရိုးသားမှု တွေ့ရသည်။ ရဲရင့်မှု တွေ့ရ သည်။ စိတ်ဆန္ဒနှင့် ဖြစ်နိုင်ချေရှိမှု များ ကို တွေ့ရသည်။

သူ၏ စာများ ကို ဝေဖန်ခိုင်းတိုင်း ကျွန်တော် ပြောနေသည့်စကားမှာ ''အဂါရဝ''ကို ရှောင်နိုင်သမျှရှောင်ရန် သတိပေးခြင်း ဖြစ်၏ ။ သို့ဆိုလျှင် မင်းသူတွင် ''ဂါရဝ''တရားမရှိ၍ လား အမေးထွက်ပေမည် ။ ယနေ့ မြန်မာ့ လူမှု

အသိုက်အဝန်းစံအရတော့ "ဂါရဝ"တရားရှိသူ ဖြစ်ပါသည်။ သို့သော် နိုင်ငံ့အရေး အတွက် ရောက်ရှိရာရပ်တည်ရာ၊ ကျင်လည်ရာ၊ ရှင်သန်ရာ နေရာ၊ ဒေသ၊ အခြေအနေအရ လုပ်ကိုင်ပြုမူဆောင်ရွက်ရသော နိုင်ငံရေး သမားများ ၊ နိုင်ငံရေး အင်အားစုများ ကို ပြောရန်ဆိုရန်ရှိက မင်းသူကလောင်သွားထက်တော့ သည်။

ချုပ်၍ ဆိုသော် မင်းသူ တစ်ယောက် "အဂါရဝ" ဖြစ်သည့်၊ ဖြစ်နိုင်မည့် ရေးသားချက်များ လျော့ပါးပြီး၊ ပိုမိုထိမိသော နိုင်ငံရေး ထောက်ပြမှု ကို ဆောင်ရွက်နိုင်သော သူအဖြစ် အသက်အပိုင်းအခြားနှင့် အတွေ့အကြုံတို့က ခေါ်ဆောင် သွားပါလိမ့်မည် ။

ကိုညီ (Geography)

...

## သင်းသင်းသာ၏ အမှာ

ဂျာနယ်လုပ်ခွင့်ရပြီး သတင်းထောက်များ ခေါ်ယူစဉ်မှာ သူရောက်လာ သည်။ သူက ခပ်အေးအေး ခပ်လိုလိုနေတတ်သူ ဖြစ်ပြီး စတင်ဝင်လာက တည်းက သူလိုက်ချင်သော သတင်းကို ရွေးချယ်ပြီး လိုက်တတ်သူတစ်ဦး ဖြစ်သည်။ သတင်းသမားကတည်းက သတင်းစည်းကမ်းကို အတိအကျလိုက်နာပြီး မလိုက်နာသူများ အား မျက်နှာချင်းဆိုင် ဝေဖန်တတ်သူ ဖြစ်သည်။ သူနှင့် ကျွန်မလည်း ငြင်းခုံခဲ့တာမျိုး ရှိပါလိမ့်မည် ။ သူနှင့် ကျွန်မ တူညီသည်မှာ လည်း ငြင်းခုံရသည်ကို သွေးဆာတတ်ပြီး ထိုသို့ ငြင်းခုံခြင်းမှ ရလဒ်ကောင်းတစ်ခုကို စောင့်၍ ဖမ်းယူ အသုံးချတတ်ခြင်းပင် ဖြစ်သည်။

သူဘယ်လို အသုံးချခဲ့သလဲ..

.. ဂျာနယ်ကို ကျွန်မ ယမင်းတို့နှင့် အတူ စိုက်ပျိုးရင်း သက်တမ်း နှစ် နှစ် ခွဲကျော် ကာလအတွင်း ႏ မင်းသူဟူသော နိုင်ငံရေး ကလောင်တစ်ချောင်းကို စိုက်ပျိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ သူလေ့လာသင်ယူခဲ့သော နိုင်ငံရေး သင်တန်း ကျောင်းမှ နိုင်ငံရေး သီအိုရီတို့ကို

ယူဆောင်လာပြီး သတင်းသမား တစ်ယောက် ၏ ကျင့်ဝတ်၊ နိုင်ငံသား တစ်ယောက် ၏၊ နိုင်ငံတည်ဆောက်ချင်သော စိတ်ဓါတ်၊ ပြည်သူထဲမှ ပြည်သူတစ်ဦး၏၊

စိတ်ဆန္ဒမျှော်လင့်ချက်တို့ဖြင့်

ဖိနှိပ်သူကို တော်လှန်လိုခြင်း၊ တရားမျှတမှု ကို တိုက်ယူလိုခြင်း သန္ဓေတို့ဖြင့် သူ့ကိုယ်သူကြီးပြင်းစေခဲ့သည်။ ရင့်ကျက်ခြင်းသို့ လှမ်းသည်။ မရောက်ရောက်အောင်လည်း လှမ်းပါလိမ့်မည် ။ ထိုသို့ ဆိုလိုက်သဖြင့် သူ့ကို မရင့်ကျက်သေးဟု ပြောဆိုလိုခြင်းမဟုတ်ကြောင်း သူသိပါလိမ့်မည် ။ သူ့၏ သိစိတ်၊ မသိစိတ်တို့ တစ်ထပ်တည်း ကျနေသည့် ရင့်ကျက်မှု မျိုး မရောက်သေး တာကို ဆိုလိုခြင်း ဖြစ်သည်။

မည် သို့ မရင့်ကျက်သနည်း...

သူမရင့်ကျက်ပုံက အခြေအနေတစ်ခုအား တရားမျှတမှု မရှိဟု သုံးသပ်မိစဉ် စိတ်ခံစားမှု မြင့်စွာ တုံ့ပြန်တတ်ခြင်း ဖြစ်သည်။ တုံ့ပြန်ချက်တိုင်း သည် မှန်ကန်နေသော လည်း မာယာမပါသော ကြောင့် ကြမ်းတမ်းမှု ဘက်သို့ ယိုင်သွားခြင်းမျိုး ဖြစ်သည်။

စာနယ်ဇင်းသမား တစ်ယောက် တွင် အခြေခံကျကျ ဘာတွေ လိုအပ်မည် နည်း...

လူသား တစ်ယောက် တွင် လိုအပ်သည့် တရားမျှတမှု ကိုမြတ်နိုးသည့် စိတ်၊ တရားမျှတမှု ဖြစ်အောင်အဆုံးရှုံးခံပြီး တည့်မတ်ပေးရဲသည့်စိတ်၊ မိမိကိုယ်ကျင့်တရားကို အထိအပါး မခံသည့်စိတ်၊ စသည်တို့က အခြေခံကျကျ လိုအပ်နေသည်ဟု ယုံကြည်မိပါသည်။ အခြားသူများ ထက်ထူးပြီး ကျင့်ဝတ်စောင့်ထိန်းစရာမလိုပေ။ လူသားတစ်ဦးစီတွင် ရှိရမည့် ကျင့်ဝတ် သာ....

လူသားတိုင်းလိုက်နာကျင့်သုံးလျှင် ဥပဒေရှိသော်လည်း ဥပဒေမလိုသော တိုင်းပြည်ကို တည်ဆောက်ပြီးသား ဖြစ်လိမ့်မည် ။

ဆိုလိုသည်မှာ မင်းသူဟူသော ကလောင်တစ်ချောင်းသည် သူကြီးပြင်းရ သော နိုင်ငံရေး သက်တမ်းတွင် သူ့အသက်အရွယ် သူ့အတွေ့အကြုံတို့ဖြင့် နှိုင်းစာလျှင်

လူသားတာဝန်ကျေမှု မှာ ကျေနပ်အားရစရာအဆင့်သို့ ရောက်နေ ပေပြီ။

အလုံးစုံရင့်ကျက်ခြင်းဖြင့် သူလည်း ဆက်လက်ကြိုးစားနေဦးမှာ ကို ယုံကြည်မိပါသည်။

သင်းသင်းသာ

•••

## သော်ဇင်အုန်း၏ အမှာ

ကဗျာဆရာမ မှုသစ်က သူ့ရဲ့ ဆောင်းပါးစာအုပ်အတွက် အမှာ စာရေး ပေးဖို့ပြောပါတယ်။ မှုသစ်နဲ့ ကျွန်တော် က တူညီတိုက်ဆိုင်တာလည်းရှိ ကွဲပြားငြင်းခုံကြတာတွေ လည်းရှိပေမဲ့ မကြာခင်အချိန်မှာ အသက် သုံးဆယ်ပြည့်တော့မယ့် အရွယ်နဲ့ ဒီလိုဆောင်းပါးမျိုးတွေ ရေး နိုင်တာကို ဂုဏ်ယူမိပါတယ်။

မလိမ်ညာတမ်းပြောရရင် သူ့ကို အီးဂရက်ဆင်း တစ်ယောက် လို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်တော် နည်းနည်း တော့ ရှော့ခ်ရသွားတယ်။ ဒါပေမဲ့ နောက်ပိုင်း သူနဲ့ စကားတွေ ပြော၊ ငြင်းခုံ၊ အလုပ်အတူတူလုပ်ခဲ့တဲ့အခါမှာ သူရဲ့ လူသားဆန်မှု ၊ လူသားဗဟိုပြုမှု တွေ ကို ထိတွေ့ခွင့်ရလာခဲ့ပါတယ်။

ချစ်ခြင်းမေတ္တာနဲ့ ဉာဏ်ပညာဆိုတဲ့ ထူးအိမ်သင်ရဲ့ စကားကို အထူးစွဲလမ်း နှစ်ခြိုက်သူဆိုတာလည်း တွေ့မြင်လာခဲ့ပါတယ်။

သူ့ဆောင်းပါးတွေ ကောင်းသလား၊ မကောင်းဘူးလားဆိုတာ ကတော့ စာဖတ်သူတွေ ဆုံးဖြတ်ရမယ့် ကိစ္စပါ၊ ကျွန်တော် ကတော့ မှုသစ်ဆိုတာ ကမ္ဘာမြေပေါ်မှာ အသေအချာရှိခဲ့တယ်၊ ဘယ်လိုနေထိုင်ခဲ့တယ်၊ ဘယ်လို ရပ်တည်ခဲ့တယ်၊ ဘာတွေ လုပ်ခဲ့တယ်ဆိုတာကိုပဲ စိတ်ဝင်စားပါတယ်။

မှုသစ်ဟာ ကမ္ဘာကြီးကို ချစ်သော မျက်စိဖြင့် ကြည့်ပြီး ဖြူစင်သော နှလုံးသားနဲ့ သူတတ်နိုင်သမျှ အကျိုးပြုခဲ့တာ ကတော့ အသေအချာပါပဲ။

သော်ဇင်အုန်း

•••



“ NLD ပါတီနှင့် အုပ်ချုပ်ရေး
ယန္တရားတို့၏ ပူးပေါင်းဆောင်ရွက်မှု
ဆက်ဆံရေးတို့မှာအလွယ်တကူအဆင်
ပြေလာနိုင်မည်တော့ မဟုတ်ပါ။
စိုးရိမ်စရာကောင်းသော လွန်ဆွဲမှုများ
ဖြစ်မလာရန် သတိထားရ
မည်ဖြစ်သည်။ ”

# '၂၀၁၅ အလွန်အခင်းအကျင်းအတွက် မမေ့လျော့သင့်သော နိုင်ငံရေး ပြဿနာ'

(၂၀၁၃ အောက်တိုဘာ ၁၄ ရက်နေ့ထုတ် the street view)

၂၀၁၅မတိုင်မီအချိန်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်မှု အတိုင်းအတာပေါ်မူတည်၍ နိုင်ငံရေး အပြောင်းအလဲအရွေ့တစ်ခု ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲသို့ နီးကပ်လာ သည်နှင့် အမျိုးနိုင်ငံရေး အင်အားစုများ ၏ လှုပ်ရှားဆောင်ရွက်မှု များ မှာ လည်း အရှိန်အဟုန် မြင့်လာသည်ဟု ဆိုနိုင်သည်။

၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ရလဒ်များ နှင့် လူထုထောက်ခံမှု အခြေအနေများ ကို သုံးသပ်ကြည့်မည် ဆိုပါက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ၂၀၁၅ ရွေးကောက် ပွဲ၌ အမတ်နေရာ အများ စု Landslide အနိုင်ရရှိနိုင်ချေရှိနေရာ ၂၀၁၅ အလွန် မြန်မာနိုင်ငံရေး အခင်းအကျင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် နိုင်မှု ပေါ်မူ တည်၍ ထင်မှတ်မထားနိုင်သော အခြေအနေမျိုးစုံသို့ ပြောင်း လဲသွားနိုင်မည့် အနေအထားများ လည်းရှိလာနိုင်သည်။

ယခုအချိန်ပြုလုပ်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး သည်၊ ၂၀၁၅ သမ္မတနေရာနှင့် တိုင်းရင်းသားအရေး တွင် ပုံဖော်လာနိုင်မည် ဖြစ် သည်။ ယေဘုယျအားဖြင့် ၂၀၁၅ သမ္မတနေရာအတွက် ချဉ်းကပ်ကြည့် မည် ဆိုပါက အများ ကြီးရှိနိုင်မည် မဟုတ်ပါ၊ လွှတ်တော် အတွင်း နေရာအများ စုရရှိနိုင်သည့် NLD ပါတီမှတင်သွင်းလာမည့် သမ္မတလောင်းသည်ပင် သမ္မတနေရာသို့ ရောက်ရှိနိုင်မည် ဟု လေ့လာသူများ ကသုံးသပ်ကြသည်။ NLD မှ တင်သွင်းလာမည့် သမ္မတလောင်းမှာ ဒေါ်အောင်ဆန်းစုကြည် အပြင် တခြားလူ ဖြစ်နိုင်မည် မဟုတ်သော ကြောင့် ၂၀၁၅ မတိုင် မီအချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော် သမ္မတ ရွေးခြယ်ရေး နှင့် အရည်အချင်း သတ်မှတ်ချက်များ အား ပြင်ဆင်နိုင်ပါက သမ္မတနေရာသည် ဒေါ်အောင်ဆန်းစု ကြည်အတွက်သာ ဖြစ်သည် ဆိုဖွယ်ရာရှိသည်။

သို့သော် အခြားတစ်ဖက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်မီ မပြင်ဆင်နိုင်ပါကမည် ကဲ့သို့ အခင်းအကျင်း ဖြစ်လာနိုင်မည် လဲဟု ပြန်လည် စဉ်းစား ဖွယ်ရာရှိနေသည်။ ဒါသည်ပင်မက ရွေးကောက်ပွဲ၏ တရားမျှတ လွတ်လပ်မှု ဘယ်လောက် ရှိမရှိဆိုသည်မှာ လည်း သုံးသပ်၍ ရနိုင်မည် မဟုတ်ပါ။ ထို့ထက်ပို၍ မမေ့လျော့ရမည့် အရာတစ်ခုမှာ USDP အနေဖြင့် အခိုင်အမာ တည်ဆောက်နေရာယူထားနိုင်သော မဲဆန္ဒနယ်များ မှာ လည်း အနေအထားတစ်ခုအထိ ရှိနေနိုင်သည်ဟုလည်း သတိထားသင့်မည် ဖြစ် သည်။

အစိုးရသက်တမ်း ငါးနှစ် ပြည့်ရန် နီးကပ်လာသည်နှင့် အမျှဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး နှင့် အသစ် ပြန်လည်ရေး ဆွဲရေး လုပ်ငန်းစဉ်များ အသက်ဝင်လှုပ်ရှားလာသည်။ ပြင်ဆင်ရေး နှင့် အသစ်ပြန်လည်ရေး ဆွဲရေး အငြင်းအခုံတစ်ခုလည်း ပေါ်ပေါက်လာသည်ဟု ဆိုရမည် ဖြစ်သည်။

၂၀၁၅ မတိုင်မီကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင် ရေး (သို့) အသစ်ပြန်လည်ရေး ဆွဲရေး ဆောင်ရွက်ရာတွင် NLD နှင့် နိုင်ငံရေး အင်အားစုများ၊ တပ်မတော်၊ တိုင်းရင်းသားများ၊ လက်ရှိအာဏာရ USDP ပါတီတို့ကြား ဘုံသဘောတူညီမှု မရှိဘဲ သဘောထားတင်းမာမှု များ၊ လွန်ဆွဲ မှု များ၊ ထိပ်တိုက်တွေ့ဆုံမှု များ ကြီးမားလာပါကမြန်မာ့နိုင်ငံရေး အခင်း အကျင်း သည်စိုးရိမ်ဖွယ်ရာများ ရှိလာနိုင်သည်။ အဆိုပါ အဆင့်(တစ်)ကို ကျော်ဖြတ်နိုင်ပြီးပါက အဆင့်(နှစ် )အရ ၂၀၁၅ ရွေးကောက်ပွဲအား လွတ်လပ် ၍ တရားမျှတစွာ ကျော်ဖြတ်သွားနိုင်ရန် လိုအပ်သည်။

NLD အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအား ပြင်ဆင်နိုင်ခြင်းမရှိဘဲ ၂၀၁၅ ရွေးကောက်ပွဲအား ကျော်ဖြတ်အနိုင်ယူလာနိုင်မည် ဆိုပါက ချိန်ထိုး ကြည့်စရာ အခြေအနေ (၄) ခုရှိနိုင်သည်။

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီက လိုလားသော လူပုဂ္ဂိုလ် သမ္မတနေရာနှင့် NLD ပါတီမှ ဦးဆောင်ဖွဲ့စည်းမည့် အစိုးရအဖွဲ့

(၂) ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ၏ ဩဇာခံယူထားမည့် လူပုဂ္ဂိုလ် သမ္မတနေရာနှင့် NLD ဦးဆောင်ဖွဲ့စည်းမည့် အစိုးရအဖွဲ့

(၃) တိုင်းရင်းသားများ နှင့် NLD, USDP ပါတီတို့၏ ဘုံသဘောတူညီ ချက်ဖြင့် လိုလားသော လူပုဂ္ဂိုလ်၊ သမ္မတနေရာနှင NLD,USDP ပါတီတို့ ပူးပေါင်းဖွဲ့စည်းမည့် အစိုးရအဖွဲ့

(၄) NLD ပါတီမှ ဒေါ်အောင်ဆန်းစုကြည်နှင့် အပြုသဘောဆောင် သော စေ့စပ်ညှိနှိုင်းမှု များ ရရှိနိုင်သည့် အုပ်ချုပ်ရေး အတွေ့အကြုံရှိသော လူပုဂ္ဂိုလ် သမ္မတနေရာနှင့် NLD -USDP ပါတီတို့ ပူးပေါင်းဖွဲ့စည်းမည့် အစိုးရအဖွဲ့

ပထမအချက်ကို ကြည့်မည် ဆိုလျှင် ဖြစ်လာနိုင်သည့် သမ္မတမှာ အင်အားစုပေါင်းစုံမှ ဖြစ်နိုင်သည်။ ဒီမိုကရက်တစ် အင်အားစုများ ထဲမှ ဖြစ်နိုင် သလို USDP ပိုင်းကလည်း ဖြစ်နိုင်သည်။ တိုင်းရင်းသားပိုင်းမှလည်း ဖြစ် နိုင်သည်။ နိုင်ငံရေး အရ ထင်ရှားမှု မရှိသော ပညာတတ်၊ ပညာရှင် အသိုင်းအဝိုင်းကလည်း ဖြစ်နိုင်သည်။

ဒုတိယအချက်အရဆိုလျှင်မူ ယခင် အုပ်ချုပ်ရေး အဖွဲ့ဝင်များ နှင့် USDP ပါတီမှ ဖြစ်လာနိုင်မည် လုံးဝရှိမည် မဟုတ်ပါ။

၂၀၁၅ရွေးကောက်ပွဲအပြီး သမ္မတ နေရာအတွက် တင်သွင်းလာနိုင် ချေရှိသော စာရင်းကို သုံးသပ်ကြည့်မည် ဆိုလျှင်တပ်မတော် ကာကွယ် ရေး ဦးစီးချုပ်မှ တင်သွင်းလာမည့် သမ္မတလောင်း (စစ်တပ်အပေါ် ဩဇာရှိ သူသာ ဖြစ်နိုင်မည် ။)

အများ စု အနိုင်ရလာနိုင်ချေရှိ သည့် NLD ပါတီမှ ပြည်သူ့လွှတ်တော် က တင်သွင်းလာမည့် သမ္မတလောင်း တစ်ယောက် ။

တိုင်းရင်းသားများ အတွက်ခွဲတမ်း အ ဖြစ်သတ်မှတ်နိုင်သည့် အမျိုးသား လွှတ်တော် မှတင်သွင်းလာမည့် သမ္မတလောင်း တစ်ယောက် ။ ထိုသုံးဦးမှ ရွေးချယ်ရမည် ဟု အကြမ်းဖျင်းနားလည်နိုင်သည်။

NLD ပါတီအနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲအား အများ စုအနိုင် ရရှိခဲ့ပြီးအစိုးရအဖွဲ့ ဖွဲ့လာနိုင်မည် ဆိုပါက စိန်ခေါ်မှု ပေါင်းများ စွာ အား မလွဲမသွေ ရင်ဆိုင်ရမည် သာ ဖြစ်သည်။ နှစ် ပေါင်းများ စွာ ကြာမြင့်ခဲ့သော အုပ်ချုပ်ရေး ယန္တရား၏ အမူအကျင့် လုပ်နည်းကိုင်၊ နည်းများ ၊ အပြောင်းအလဲကို မလိုက်နိုင်သည့် အုပ်ချုပ်ရေး ယန္တရားအတွင်း ;မှ လူပုဂ္ဂိုလ်များ ကို ကိုင်တွယ်ရာ၌ NLD အနေဖြင့် အခက်ခဲများ စွာ ရှိလာနိုင်မည် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုဝန်ကြီးများ ပြောင်းလဲခန့်အပ်လိုက်ရုံဖြင့် အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံးအားပြောင်းလဲပစ်နိုင်မည် တော့ မဟုတ်ပါ။

တပ်မတော် ၊ ကာကွယ်ရေး ဦးစီးချုပ် လက်အောက်မှ ဝန်ကြီးဌာနများ ၊ ယင်းတို့နှင့် ချိတ်ဆက်ဆက်ဆံရေး များ ကိုလည်း လွယ်ကူစွာ တည်ဆောက်နိုင် မည် လားဆိုသည်မှာ လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

NLD ပါတီနှင့် အုပ်ချုပ်ရေး ယန္တရားတို့၏ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေး တို့မှာ အလွယ်တကူအဆင် ပြေလာနိုင်မည် တော့ မဟုတ်ပါ။ စိုးရိမ်စရာကောင်းသော လွန်ဆွဲမှု များ ဖြစ်မလာရန် သတိထားရ မည် ဖြစ် သည်။ ယခင်တပ်မတော် အစိုးရနှင့် ဩဇာခံများ စွာ လည်း စိမ့်ဝင်နေပြီး ဖြစ် သော ဗျူရိုကရေစီ ယန္တရားတစ်ခုဆိုသည်ကို မေ့ထား၍ သင့်မည် မဟုတ် ပါ။

၂၀၁၅ အလွန် မြန်မာနိုင်ငံအား ဦးဆောင်မောင်းနှင်မည့် အစိုးရအဖွဲ့ အကြီးအကဲ သမ္မတအနေဖြင့် အုပ်ချုပ်ရေး အတွေ့အကြုံ အုပ်ချုပ်ရေး အရည် အချင်းများ သာမက အရေး တကြီးရှိနေရန်လိုအပ်သော အရည်ချင်းများ စွာ လည်း ရှိနေသည်။

(၁) နိုင်ငံရေး ဩဇာ

(၂) အုပ်ချုပ်ရေး ဩဇာ

(၃) လူထုထောက်ခံမှု နှင့် အများ ပြည်သူ ကြိုက်နှစ်သက် မှု

(၄) တပ်မတော် အပေါ်ရှိရမည့် သြဇာ

(၅) နိုင်ငံတကာဆက်ဆံရေး နှင့် နိုင်ငံတကာထောက်ခံမှု

(၆) ဒီမိုကရက်တစ် အင်အားစုများ အဖွဲ့အစည်းများ ၏ ထောက်ခံမှု နှင့် ၊ ကောင်းမွန်သော ဆက်ဆံရေး ရှိမှု

(၇) တိုင်းရင်းသားများ ၏ ထောက်ခံမှု နှင့် ကောင်းမွန်သော ဆက်ဆံရေး ရှိမှု

ဖော်ပြပါ အချက်များ ဖြင့် ယှဉ်ထိုးကြည့်ရမည် ဟု ဆိုချင်သည်။

ယင်းအချက် (၇) ချက်စလုံး နီးပါးမှာ ဒေါ်အောင်ဆန်းစုကြည်၌ ရှိနေ ပြီး ဖြစ်နေသည်ကို တွေ့နိုင်သည်။ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်နိုင်ခြင်းမရှိဘဲ ၂၀၁၅ ရွေးကောက်ပွဲအား ကျော်ဖြတ်လာပါက အုပ်ချုပ်ရေး အကြီးအကဲ ဖြစ်လာမည့် သမ္မတသည် မည် မျှပင်တော် နေသည် ပင်ဆိုကာမူ ဖော်ပြပါ အချက်(၇)ချက် မရှိသော သူ ဖြစ်ပါက မြန်မာနိုင်ငံ အတွက် အဆင်ပြေနိုင်မည် မဟုတ်ပါ။ မိုးကျရွှေကိုယ်ပေါ်ပေါက်လာသော သမ္မတလောင်းသည် မြန်မာနိုင်ငံအနေဖြင့် ဖြစ်နိုင်မည် မဟုတ်ဟုဆိုချင်သည်။

၂၀၁၅ အလွန်၌ ပေါ်ပေါက်လာမည့် လွှတ်တော် နှင့် အစိုးရဖွဲ့သည်၊ နှစ်ပေါင်းများ စွာ ကွဲပြားကွဲလွဲခဲ့သော အင်အားစုများ အား ပေါင်းစုပေးနိုင် သော လွှတ်တော် အစိုးရ ဖြစ်မှသာလျှင် မြန်မာ့နိုင်ငံရေး အတွက် ကောင်း မွန်သော အဖြေများ ဖြစ်လာနိုင်မည် ဖြစ်သည်။ တပ်မတော် ၊ တိုင်းရင်းသား၊ နိုင်ငံရေး အင်အားစုများ ကြား ဘုံသဘောတူညီချက်များ ၊ပေါင်းစုပေးနိုင်ခြင်းများ မရှိသော လွှတ်တော် နှင့် အစိုးရအဖွဲ့ ဖြစ်လာပါက ၂၀၁၅ အလွန် နိုင်ငံရေး အခြေအနေသည် အာဏာလွန်ဆွဲမှု များ ၊ နိုင်ငံရေး အယူဝါဒ ထိပ်တိုက်တွေ့မှု များ ဖြင့် မပြီးဆုံးနိုင်သော နိုင်ငံရေး ပြဿနာသံသရာစက်ဝန်း သို့ ပြန်လည်ရောက်ရှိသွားနိုင်သည်ကို နိုင်ငံရေး ခေါင်းဆောင်များ အနေဖြင့် မမေ့ မလျော့သင့်ဟု ဆိုချင်ပါသည်။

•••



“သမ္မတဦးသိန်းစိန်ရဲ့
အပြောင်းအလဲတွေဟာ
ထင်သာမြင်သာရှိစွာ ဖြစ်ပေါ်ခဲ့တယ်ဆိုတာ
ငြင်း လို့မရပေမဲ့လည်း
အားရကျေနပ်ဖွယ်ရာကောင်း တဲ့
အပြောင်းအလဲ၊
ပြည်သူလူထုအားလုံးအပေါ်
အကျိုးခံစားခွင့်စီးဆင်းစေ တဲ့
အပြောင်းအလဲတော့ မဟုတ်ခဲ့ပါဘူး။”

'ဒီမိုကရေစီအသွင်ကူးပြောင်းရေး လား၊ အာဏာတည်မြဲရေး လား

. . .'

(၂၀၁၄ ဧပြီလ ၇ ရက်နေ့ထုတ် the street view)

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်မည် မျှအထိခရီး ရောက်နေပြီလဲဆိုတာကို ပြန်လည်းဆန်းစစ်ရမယ့် အခြေအနေကိုရောက်ရှိ နေပါပြီ။ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံ အတွက် ဒီမိုကရေစီအသွင် ကူးပြောင်းရေး ကို အစစ်အမှန် ဖော်ဆောင်ခဲ့သလား ဒါမှမဟုတ် တပ်မတော် အစိုးရက မွေးထုတ်ပေးလိုက် တဲ့ အစိုးရ တစ်ရပ်ပီပီ လောင်းရိပ်မကင်းတဲ့ ဒီမိုကရေစီနဲ့ အာဏာပုံရိပ်ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နေသလားဆိုတာကို မကြာခင် ရှင်းရှင်းလင်းလင်း တွေ့မြင်လာရတော့မှာ ဖြစ်ပါတယ်။ တကယ်တော့ ၂၀၁၀ ရွေးကောက်ပွဲအပြီး နောက်ပိုင်း ဖြစ်ပေါ်လာတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းဟာ အရင် တပ်မတော် အစိုးရ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးရဲ့ စိတ်ကြိုက်ရေး ဆွဲ ခဲ့တဲ့လူနေရာချထားမှု နဲ့ ဖြစ်ပေါ်လာတဲ့အခင်းအကျင်း တစ်ခုပဲ ဖြစ်ပါတယ်။

နှစ် ပေါင်းနှစ် ဆယ်ကျော် ကြာမြင့်ခဲ့တဲ့ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီနိုင်ငံအ ဖြစ်ကို ပြောင်းလဲရမယ့် ဖြစ်စဉ်မှာ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ဟာ အဓိက ပလေယာတစ်ဦးအ ဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရသူပါ။သမ္မတဦးသိန်းစိန် အစိုးရတာဝန်ယူလာခဲ့တဲ့ အချိန်သုံးနှစ် တာအတွင်း ‌: မြန်မာနိုင်ငံမှာ ဘာတွေ ပြောင်းလဲခဲ့သလဲ၊ မပြောင်းလဲဘဲရှိနေတဲ့အရာတွေ က ဘာတွေ လဲဆိုတာကို အရင်ဆုံးရှုမြင်ကြည့်ရမယ်ဆိုရင် အဓိကနေနဲ့ အချက် နှစ် ချက်ကို တွေ့မြင်ရပါတယ်။ ပထမအချက်က သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရကို ပြုပြင်ပြောင်းလဲရေး အစိုးရအ ဖြစ် နိုင်ငံတကာက ရှုမြင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒုတိယအချက် ကတော့ မပြောင်းလဲမှု ဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ခေါ်ခေါ်၊ အစိုးရအပြောင်းအလဲ ခေါ်ခေါ် လက်ရှိအပြောင်းအလဲ ဖြစ်စဉ်တွေ ဟာ မြန်မာနိုင်ငံပြည်သူတွေ အတွက် အကျိုးခံစားခွင့်တွေ သိသိသာသာ မရရှိခဲ့ပါဘူး။ အထူးသဖြင့် အခြေခံ လူတန်းစားများ နဲ့ လူလတ်တန်းစားများ ရဲ့ လူနေမှု ဘဝအဆင့်အတန်းတွေ ဟာ ပြောင်းလဲမှု တစ်စုံတစ်ရာမရှိခဲ့ပါဘူး။

မြစ်ဆုံစီမံကိန်းရပ်ဆိုင်းခြင်း၊

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေး မှု အပြီး NLD ပါတီ လွှတ်တော် နိုင်ငံရေး သို့ ရောက်ရှိလာစေခြင်း၊

နာမည် ကြီး ၈၈ မျိုးဆက်ခေါင်းဆောင်များ အပါအဝင် နိုင်ငံရေး အကျဉ်းသားများ စွာ ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊

ပြည်ပရောက် နိုင်ငံရေး အင်အားစုများ ကို ပြည်တော် ဝင်ခွင့်ပြုခြင်း၊

ငြိမ်းချမ်းရေး ဆွေးနွေးမှု များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

သတင်းမီဒီယာကဏ္ဍဖြေလျှော့မှု များ ပြုလုပ်ခြင်း၊

အစိုးရအဖွဲ့အတွင်း ၀န်ကြီးအပြောင်းအလဲများ ပြုလုပ်ခြင်း၊

ဆက်သွယ်ရေး ကဏ္ဍအပြောင်းအလဲ၊

အထက်မှာ ဖော်ပြခဲ့တာတွေ ဟာ သမ္မတ ဦးသိန်းစိန်ကို နိုင်ငံတကာက အသိအမှတ်ပြုစေခဲ့တဲ့ အရာတွေ ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲ့ဒီအပြောင်း အလဲ ဖြစ်စဉ်တချို့မှာ လည်း ဋ္ဌခြင်းချက်တွေ ဟာ ရှိနေပါသေးတယ်။

မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းခြင်း

အများ ပြည်သူရဲ့ ဆန္ဒအရ မြစ်ဆုံစီမံကိန်းကို သမ္မတဦးသိန်းစိန်က သူ့အစိုးရသက်တမ်းမှာ ရပ်နားထားမယ်လို့ ကတိပြုခဲ့ပါတယ်။ ဒီ ဖြစ်စဉ်ဟာ သမ္မတဦးသိန်းစိန်အတွက် လူထုထောက်ခံမှု နဲ့ နိုင်ငံတကာထောက်ခံမှု ရမှတ် တိုးစေခဲ့တဲ့ ဖြစ်စဉ်တစ်ခုပါ။ တစ်ဖက်က ပြန်ကြည့်မယ်ဆိုရင်လည်း မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းခြင်းမပြုခဲ့ရင် သမ္မတဦးသိန်းစိန်အတွက် နိုင်ငံရေး အကျပ်အတည်း ကြီးမားစွာ ကြုံတွေ့ရမှာ အသေအချာပါပဲ။ ဒါ့အပြင် မြစ်ဆုံစီမံကိန်းဟာ သမ္မတဦးသိန်းစိန် အနေနဲ့ သူ့လက်ထက်မှာ ခေတ္တ ရပ်နားခြင်းသာ ဖြစ်တဲ့အတွက် ဒီကိစ္စဟာနောက်တက်မယ့် အစိုးရပေါ်မှာ အမိကခေါင်းခဲစေမယ့် ပြဿနာတစ်ရပ် ဖြစ်သလို သူရှိနေမှ မြစ်ဆုံစီမံကိန်း

ရပ်တန့်နေမယ်လို့ သတိပေးထားတဲ့ သဘောလည်း သက်ရောက်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှု အပြီး

NLD ပါတီလွှတ်တော် နိုင်ငံရေး သို့ ရောက်ရှိလာစေခြင်း

ဒီ ဖြစ်စဉ်ဟာ မြန်မာ့နိုင်ငံရေး ရဲ့ အရေး ပါတဲ့ အပြောင်းအလဲ ဖြစ်စဉ် တစ်ခု ဖြစ်ခဲ့သလို သမ္မတဦးသိန်းစိန် အစိုးရကို နိုင်ငံတကာရဲ့ အသိအမှတ် ပြုမှု တွေ လည်းရရှိစေခဲ့ပါတယ်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းရဲ့ ဓာတ်ပုံရှေ့မှာ သမ္မတဦးသိန်းစိန်နဲ့ဒေါ်အောင်ဆန်းစုကြည် တို့ ယှဉ်တွဲ ပြီးရိုက်ထားတဲ့ ဓာတ်ပုံက နှစ်ပေါင်းများ စွာ အပြောင်းအလဲကို ဆာလောင်နေတဲ့ ပြည်သူတွေ ရဲ့ ရင်ကိုလှုပ်ခတ်စေခဲ့ပါတယ်။ အဲ့ဒီတွေ့ဆုံမှု တွေ နောက်ပိုင်းမှာ သမ္မတဦးသိန်းစိန်ဟာ ရိုးသားသူ ဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ပြောကြားခဲ့ဖူးပါသေးတယ်။ ဒါဟာ အချိန် ကြာရှည်စွာ တော့ မခံခဲ့ပါဘူး။ ဖွဲ့စည်းပုံပြင်ဆင်ရေး ကိစ္စရပ်တွေ ၊ နိုင်ငံရေး အကျပ်အတည်းဖန်တီးမှု တွေ ၊ တွေ့ဆုံဆွေးနွေးမှု တွေ ကို ရှောင်လွှဲမှု တွေ စတာတွေ မှာ သမ္မတဦးသိန်းစိန်ရဲ့ ပြောဆိုဆောင်ရွက်မှု တွေ က ယုံကြည်မှု ကို တစ်စတစ်စထိခိုက်စေခဲ့တယ်လို့ဆိုရမှာ ပါ။

နာမည် ကြီးဂရမျိုးဆက်ခေါင်းဆောင်များ အပါအဝင် နိုင်ငံရေး အကျဉ်းသားများ စွာ ကို လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခြင်း၊ ပြည်ပရောက်နိုင်ငံရေး အင်အားစုများ ကို ပြည်တော်ဝင် ခွင့်ပြုခြင်း

သမ္မတ ဦးသိန်းစိန် လက်ထက်မှာ နိုင်ငံရေး အကျဉ်းသားများ စွာ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပါတယ်။ ဒီဆောင်ရွက်ချက်ကလည်း သမ္မတ ဦးသိန်းစိန်ကို ပြုပြင်ပြောင်းလဲရေး ခေါင်းဆောင် အ ဖြစ် အသိအမှတ်ပြုခံရ စေခဲ့ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကနေလည်း ဂရ မျိုးဆက်အဖွဲ့ အပါ အဝင် လွတ်မြောက်လာတဲ့ နိုင်ငံရေး အင်အားစုတွေ ဟာ အပြောင်း အလဲအစစ်အမှန်ပေါ်စေမယ့် အရာတွေ ကို ဘယ်ရွေ့ဘယ်မျှလုပ်နိုင်ပြီလဲ၊ လုပ်နိုင်ခဲ့သလဲ၊ နိုင်ငံအတွက်ဆောင်ရွက်ခွင့်နယ်ပယ်

ဘယ်လောက်ရရှိခဲ့ သလဲဆိုတာကို သုံးသပ်ကြည့်ဖို့ လိုအပ်ပါတယ်။ လွတ်မြောက်လာတဲ့ နိုင်ငံရေး အကျဉ်းသားအင်အားစုတွေ နဲ့ ပြည်ပကနေ ပြန်လည်ဝင် ရောက်လာတဲ့ နိုင်ငံရေး အင်အားစုတွေ ဟာ အဓိကအရေး ကြီးဆုံး ဖြစ်တဲ့ အုပ်ချုပ်ရေး ၊ ဥပဒေပြုရေး ၊ တရားစီရင်ရေး စတဲ့မဏ္ဍိုင်တွေ ကို ဝေဖန် ထောက်ပြတာ၊ အများ ပြည်သူအကျိုးအတွက် ဖိအားပေးတိုက်တွန်းတာ၊ ခိုင်ခိုင်မာမာ အတိုက် အခံပြုနိုင်တာတွေ ကတော့ နည်းပါးနေပါတယ်။

ငြိမ်းချမ်းရေး ဆွေးနွေးမှု များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

သမ္မတဦးသိန်းစိန်လက်ထက်မှာ ငြိမ်းချမ်းရေး ဆွေးနွေးမှု တွေ ဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ပါတယ်။ တိုင်းရင်းသား လက်နက် ကိုင်များ နဲ့အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု တွေ လည်းရရှိခဲ့ပါတယ်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ဆိုတာကို ပြည်တွင်း ငြိမ်းချမ်းရေး ပြဿနာရဲ့ အဖြေတစ်ခုလို့ တစ်ထစ်ချ မှတ်ယူထားလို့မရနိုင်ပါဘူး။ ခေတ္တ သဘောတူညီမှု နဲ့ ရပ်ဆိုင်းထားတာလို့ဆိုရမှာ ပါ။ အဖြေထွက်နိုင်မယ့် နိုင်ငံရေး ဆွေးနွေးမှု အဆင့်တွေ ကတော့ ဆက်လက်စောင့်ကြည့်နေရဦးမှာ ပါ။ သမ္မတဦးသိန်းစိန်လက်ထက်မှာ ပေါ်လာတဲ့ Myanmar Peace Center ဟာ သမ္မတဦးသိန်းစိန်နဲ့သူ့လက်စွဲတော် ဝန်ကြီးတွေ အတွက် နိုင်ငံရေး ပုံရိပ် တစ်ခုဖန်တီးပေးနိုင်ခဲ့သလို နိုင်ငံရေး ထွက်ပေါက်တစ်ခုလည်း ဖြစ်စေခဲ့ပါ တယ်။

သတင်းမီဒီယာကဏ္ဍ ဖြေလျှော့မှု များ ပြုလုပ်ခြင်း

စာပေစိစစ်ရေး ဖျက်သိမ်းမှု တွေ ၊ စာပေလွတ်လပ်ခွင့်ထိန်းချုပ်မှု တွေ ကို ဖြေလျှော့ပေးမှု တွေ ကလည်း သမ္မတဦးသိန်းစိန်ကို အပြောင်းအလဲ ဖော် ဆောင်သူအ ဖြစ် ထောက်ပံ့ပေးခဲ့တဲ့ အရာတွေ လို့ ဆိုရမှာ ပါ။ ဒါပေမဲ့ မီဒီယာကဏ္ဍမှာ လည်း အရင်အစိုးရ စနစ်အတိုင်း အစိုးရပိုင်မီဒီယာတွေ ကနေ ဝါဒဖြန့်ချိမှု ၊ အွန်လိုင်းဝါဒဖြန့်ချိမှု စတာတွေ ကို လုပ်ဆောင်နေဆဲ ပါပဲ။

အစိုးရအဖွဲ့အတွင်း ဝန်ကြီးအပြောင်းအလဲများ ပြုလုပ်ခြင်း

အစိုးရအဖွဲ့အတွင်းက ဝန်ကြီးနေရာအပြောင်းအလဲများ ပြုလုပ်ခြင်းက လည်း သမ္မတဦးသိန်းစိန် အတွက် အခွင့်အလမ်းကောင်းတွေ ဖြစ်ခဲ့တယ်လို့ ဆိုရမှာ ပါ။ သမ္မတဦးသိန်းစိန်ဟာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ပြတ်ပြတ်သားသားလုပ်ဆောင်သူ၊ သဘောထားတင်းမာသူများ ၊ နောက် ကြောင်းပြန်လှည့်ချင်သူများ ကို ရဲရဲဝံ့ဝံ့ချန်ထားရဲသူအဖြစ် နာမည် ကောင်း တစ်ခုကိုရရှိခဲ့ပါတယ်။ အစိုးရအဖွဲ့တစ်ခုလုံးကို သမ္မတကတာဝန်ခံဖို့လိုအပ်တာကြောင့် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲပြုလုပ်ခြင်းဟာ သမ္မတအတွက် အရင်းစိုက်စရာမလိုဘဲ အကျိုးအမြတ်ရရှိစေတဲ့လုပ်ရပ် တစ်ခုလို့ ဆိုရင်လည်း မမှား ပါဘူး။

ဆက်သွယ်ရေး ကဏ္ဍ အပြောင်းအလဲ

ဆက်သွယ်ရေး ကဏ္ဍအတွင်းက မိုဘိုင်းတယ်လီဖုန်း အသုံးပြုခြင်းနဲ့ ပတ်သက်လို့မြန်မာနိုင်ငံက ပြည်သူလူထုတွေ ဟာနိမ့်ကျနစ်နာခဲ့ရတဲ့ အချိန် တွေ အများကြီးရှိခဲ့ပါတယ်။ သမ္မတ ဦးသိန်းစိန်လက်ထက်မှာ မိုဘိုင်းဖုန်း ဈေးလျှော့ချမှု တွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ မိုဘိုင်းဖုန်းဆင်းကဒ်တွေ ကို ၁၅၀၀ ဖြင့် ရောင်းချပေးဖို့ အစိုးရက သတ်မှတ်ခဲ့ပေမဲ့ ၁၅၀၀တန် ဆင်း ကတ်ဟာ သမဝါယမစနစ်ဆန်ဆန် မဲနှိုက်ဝယ်ယူရပြီး အပြင် လောကမှာ သောင်းချီသိန်းချီတန်အောင် ပေးဝယ်နေရတဲ့ အခြေနေမှာ ရှိပါတယ်။ ဒေသတွင်းနိုင်ငံတွေ မှာ တယ်လီဖုန်းဆင်းကတ်ဟာ အရောင်းမြှင့်တင်ရေး အတွက် အသုံးချတဲ့အရာ တစ်ခုအ ဖြစ်ရှိနေပေမဲ့ မြန်မာနိုင်ငံမှာ တော့ အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး မှတ်ကျောက်တစ်ခုအ ဖြစ် အသုံးပြုခြင်းခံနေရတဲ့ အရာလို့ဆိုရမှာ ပါ။ တယ်လီဖုန်းခေါ်ဆိုခ လေလှိုင်းအသုံးပြုခ တွေ ကတော့ မြန်မာပြည်သူတွေ အတွက် အထိနာစေတဲ့ပုံစံအတိုင်းသာရှိနေဆဲပါ။

သမ္မတဦးသိန်းစိန်အစိုးရရဲ့ သက်တမ်းသုံးနှစ် အတွင်းမှာ ခြွင်းချက်နဲ့ ဟာကွက်ရှိနေတဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု တချို့ရှိနေခဲ့ပေမဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှု တွေ ကတော့ သိသာထင်ရှားစွာ အားရဖွယ်ရာ မရှိခဲ့ပါ ဘူး။ စီးပွားရေး တိုးတက်မှု တစ်ဦးချင်း ဝင်ငွေတိုးတက်မှု ရှိမနေဘူးဆိုတာ လူနေမှု အဆင့်အတန်းဘဝအဖုံဖုံက သက်သေပြလျက်

ရှိနေပါတယ်။

လွှတ်တော် ဘယ်လောက် ရွှေ့သလဲ . . .

လွှတ်တော် ရဲ့ နိုင်ငံရေး အရွေ့ကလည်း မြန်မာပြည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ်အတွက် အဓိကအရေး ပါတဲ့နေရာမှာ ရှိနေရမှာ ဖြစ်ပါတယ်။ လွှတ်တော် သက်တမ်းကြာလာတာနဲ့အမျှ လွှတ်တော် အင် စတီကျူးရှင်းဟာ ပိုခိုင်မာလာတယ်ဆိုပေမဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး အတွက် သိသိသာသာတွန်းအားပေးနိုင်တဲ့ အနေအထားမှာ တော့ ရှိမနေခဲ့ ပါဘူး။ ဥပဒေပြုရေး မဏ္ဍိုင်ရဲ့ အဓိကတာဝန်ဟာ ဥပဒေ ပြုရေး အပြင် အုပ်ချုပ်ရေး အစိုးရကို အပြန်အလှန် ထိန်းကျောင်းမှု ပြုခြင်းပါဝင်ပါတယ်။ ဒီတာဝန် နှစ် ခုကို ဆောင်ရွက်တဲ့နေရာမှာ လိုအပ်ချက်တွေ များ စွာ ရှိနေသေးတယ်လို့ ဝေဖန်မှု တွေ လည်း ကြုံနေရဆဲပါ။ ဥပဒေပြုရေး အနေနဲ့ လွှတ်တော် တွင် း ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေ အပေါ် အစိုးရက ဘယ်လောက် အထိအကောင်အထည်ဖော် ဆောင်ရွက်မှု ရှိသလဲဆိုတဲ့ ထိန်းကျောင်းမှု စောင့်ကြည့်မှု ဟာ သိသိသာသာ မတွေ့မြင်ရသေးပါဘူး။ လွှတ်တော် နှစ် ရပ် မှာ ဆွေးနွေးခဲ့တဲ့ အဆိုတွေ မေးခွန်းထဲက အစိုးရရဲ့ အာမခံချက်ကတိက ဝတ်တွေ ဖြစ်သွားတဲ့ မေးခွန်းတွေ အဆိုတွေ အပေါ် လွှတ်တော် အနေနဲ့ ထိန်းကျောင်းမှု ဆောင်ရွက်ရန် တွန်းအားပေးမှု တွေ နည်းပါးနေတာကို တွေ့ရပါတယ်။ လွှတ်တော် ဥက္ကဋ္ဌတွေ အနေနဲ့ ယနေ့မြန်မာ့ လွှတ် တော် ဟာလက်သြုံးထောင်ခေါင်းညိတ်လွှတ်တော် မဟုတ်ဘူးလို့ ပြောနေပေ မဲ့လည်း လက်သြုံးထောင်ခေါင်းညိတ် လုပ်နေဆဲ ဖြစ်တဲ့ ကိုယ်စားလှယ်များ စွာ ရှိနေသေးတယ်ဆိုတာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။ လွှတ်တော် အတွင် း ဥပဒေများ စွာ ပြဋ္ဌာန်းနိုင်ခဲ့သလို ဆွေးနွေးမှု များ စွာ လည်းရှိခဲ့ပါ တယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် အရေး ကြီးတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး လိုကိစ္စရပ်မျိုး ကတော့ အခုမှ အစပျိုးနိုင်ရုံသာရှိပါ သေးတယ်။ ကိုယ်စားလှယ်အများ စုရဲ့ မဲဆန္ဒနယ်အတွင် းမှာ ဒေသ ဖွံ့ဖြိုးရေး ကိစ္စရပ်တွေ လုပ်ကိုင်ဆောင်ရွက်ပေးမှု တွေ ကလည်း အားရဖွယ်ရာရှိမနေ ခဲ့ပါဘူး။ အချို့သော မဲဆန္ဒနယ်က ပြည်သူများ ဆိုရင် ကိုယ့်ဒေသက ကိုယ်စားလှယ်ရဲ့ အမည်

ကို မသိရှိတဲ့ အခြေအနေမျိုးထိတောင် ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သမ္မတဟာ ပြည်သူတွေ ရွေးချယ်တဲ့ သမ္မတ မဟုတ်ပါဘူး။ လွှတ်တော် က ရွေးချယ်ပေးလိုက် တဲ့ သမ္မတသာလျှင် ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတရဲ့ လုပ်ဆောင်မှု အရပ်ရပ်ကို လွှတ်တော် က တာဝန်ယူ တာဝန်ခံဖို့လိုအပ်ပါတယ်။ အများ ပြည်သူအကျိုးအတွက် လိုအပ်တဲ့ပြုပြင် ပြောင်းလဲမှု တွေ လုပ်ဆောင်ဖို့ သမ္မတကို ရွေးချယ်ပေးထားတဲ့ လွှတ်တော် ဟာ သမ္မတရဲ့ လုပ်ဆောင်မှု တွေ ကို တာဝန်ယူဖို့ ထိန်းကျောင်း ပေးနိုင်မှု မရှိဘူးဆိုရင်တော့ ပြည်သူတွေ အတွက် ခိုင်မာတောင့်တင်းတဲ့ လွှတ်တော် ဖြစ်လာဖို့ ခဲယဉ်းပါလိမ့်မယ်။

တကယ်ပြောင်းသလား . . .

သမ္မတဦးသိန်းစိန်ရဲ့ အပြောင်းအလဲတွေ ဟာ ထင်သာမြင်သာရှိစွာ ဖြစ်ပေါ်ခဲ့တယ်ဆိုတာ ငြင်းလို့မရပေမဲ့လည်း အားရကျေနပ်ဖွယ်ရာကောင်း တဲ့ အပြောင်းအလဲ၊ ပြည်သူလူထုအားလုံးအပေါ် အကျိုးခံစားခွင့်စီးဆင်းစေ တဲ့ အပြောင်းအလဲတော့ မဟုတ်ခဲ့ပါဘူး။ ကောင်းမွန်သော အုပ်ချုပ် ရေး ၊ သန့်ရှင်းသော အစိုးရ ဖြစ်အောင် ဆောင်ရွက် မယ်လို့ ပြောဆိုနေပေမဲ့ လည်း အုပ်ချုပ်ရေး ယန္တရားတစ်ခုလုံး အပြုအမူလုပ်ဆောင်ချက်တွေ ကလည်း ရွေ့လျားပြောင်းလဲလာတာ မတွေ့ရသေးပါဘူး။ သမ္မတဦးသိန်းစိန် ရဲ့ သုံးသိန်းအထက် လာဘ်ယူမှု မပြုလုပ်ရဆိုတဲ့ သတိပေးပြောဆိုမှု ကလည်း ပြည်သူအများ အတွက်စိတ်ပျက်ဖွယ်ရာ ဖြစ်စေခဲ့တဲ့အရာတစ်ခုပါပဲ။ အုပ်ချုပ်ရေး ယန္တရားမှာ ရှိတဲ့ လူပုဂ္ဂိုလ်အများ စုရဲ့ သဘောထားအမြင် တွေ ဟာလည်း အစိုးရဝန်ထမ်းဆိုတဲ့အသိစိတ်ဓာတ်ကနေ ပြည်သူ့ဝန်ထမ်း ဆိုတဲ့အသိစိတ်ဓာတ်ကို ပြောင်းလဲလာတာ မရှိသေးပါဘူး။ သမ္မတ ဦးသိန်းစိန်ရဲ့ အစိုးရသက်တမ်းအတွင် းမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ခြိမ်းခြောက်စေတဲ့ ပဋိပက္ခတွေ ၊ တရားဥပဒေစိုးမိုးမှု ကို စိန်ခေါ် တဲ့ ဖြစ်ရပ်တွေ အများ အပြား ဖြစ်ခဲ့ပါတယ်။ ရခိုင်ပဋိပက္ခ၊ မိတ္ထီလာ ပဋိပက္ခတွေ မှာ အစိုးရရဲ့ ကိုင်တွယ်ဖြေရှင်းမှု တွေ ဟာ မေးခွန်းထုတ်စရာတွေ ပြည့်နှက်နေခဲ့ပါတယ်။ ဒီ ဖြစ်စဉ်တွေ ရဲ့ နောက်ကွယ်မှာ လှုံ့ဆော်ဖန်တီးသူ တွေ ရှိနေတယ်လို့ ဆိုပေမဲ့လည်း ဒီအပေါ်အရေး ယူဆောင်ရွက် မှု တွေ ကို ပွင့်လင်းမြင်သာစွာ

မတွေ့မြင်ခဲ့ရပါဘူး။ ဆန္ဒထုတ်ဖော်မှု ပြဿနာတွေ နဲ့ ကျူးကျော် ပြဿနာတွေ ကို ဖြေရှင်းတဲ့ နေရာမှာ လည်း အားထားရင် အငွေ့အသက်တွေ တွေ့မြင်နေရဆဲပါ။ ဘာသာရေး လူမျိုးရေး ပြဿနာတွေ ဟာ အစိုးရရဲ့ ချိန်ကိုက်ဗုံးတွေ များ ဖြစ်နေမလားလို့ ဝေဖန်သုံးသပ်မှု တွေ ရှိလာတဲ့အထိ ဒီပြဿနာတွေ က သင်္ကာမကင်းစရာကောင်းနေခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD ပါတီက ကိုယ်စားလှယ်တွေ ဟာ လွှတ်တော် အတွင်း ကို စတင်ဝင်ရောက်လာစဉ်က ပြည်တွင်း ငြိမ်းချမ်းရေး ၊ တရားဥပဒေစိုးမိုးရေး ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဆိုတဲ့ အချက်သုံးချက်ကို ဆောင်ရွက်မယ်ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။

ဒါပေမဲ့လည်း သူတို့ ကြွေးကြော်ခဲ့တဲ့ အချက်သုံးချက်စလုံးကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိသေးသလို လွှတ်တော် အတွင်း မှာ ပိတ်မိနေတဲ့ အ ဖြစ်ကို ကြုံနေရတယ်လို့ မြင်ပါတယ်။ ဒါ့အပြင် အုပ်ချုပ် ရေး အစိုးရရဲ့ မူဝါဒတွေ လုပ်ဆောင်မှု တွေ ကို အတိုက်အခံပီပီ ထိထိရောက် ရောက်ဝေဖန်ထောက်ပြတာ၊ ဆောင်ရွက်ကျင့်သုံးရမယ့် မူဝါဒတွေ လုပ်ထုံး လုပ်နည်းတွေ ပြောဆိုထောက်ပြတာတွေ မရှိသလောက် နည်းပါးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီ အနေနဲ့ လွှတ်တော် နိုင်ငံရေး လမ်းကို လျှောက်လှမ်းလာတဲ့ အချိန်ကာလအတွင်း မှာ နိုင်ငံရေး အရ အကျပ်အတည်း ဆိုက်မှု တွေ လည်း များ စွာ ကြုံတွေ့ ခဲ့ရပါတယ်။ လူမျိုးရေး ဘာသာရေး ဆက်နွယ်တဲ့ ပဋိပက္ခတွေ မှာ NLD အနေနဲ့ တာဝန်မရှိဘူးဆိုပေမဲ့ ဒီပြဿနာတွေ ဟာ လူထုထောက်ခံမှု လျော့ကျစေခဲ့ပါတယ်။ ပုဒ်မ ၅၉(စ) ထောက်ခံရေး ဟောပြောပွဲတွေ မှာ လည်း တိုက်ခိုက်ပြောဆိုမှု လှိုင်းတွေ ခံနေ ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သမ္မတဦးသိန်းစိန်ဟာ သူမ လိုလားတဲ့ ပြုပြင်ပြောင်းလဲရေး ကို လိုက်ပါမယ့်သူ ကူညီမယ့်သူမဟုတ်ဘူး ဆိုတာ သိမြင်သွားပုံရပါတယ်။ အဲ့ဒီလို အခြေအနေမှာ ပဲ ဒေါ်အောင်ဆန်း စုကြည်နဲ့ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းနဲ့ ဆက်ဆံရေး ကတော့အကောင်းမွန်ဆုံးအခြေအနေမှာ ရှိနေခဲ့ပါတယ်။ လွှတ်တော် အနေနဲ့

ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး လုပ်ဆောင်နေစဉ်ကာလမှာ သမ္မတ ဦးသိန်းစိန်ရဲ့ မျိုးစောင့်ဥပဒေကို လွှတ်တော် ကိုတင်သွင်းမှု ဟာ နိုင်ငံရေး စိတ်စေတနာနဲ့ ပတ်သက်ပြီးမေးခွန်းထုတ်ဖွယ်ရာ ဖြစ်ခဲ့ပါတယ်။

ဖွဲ့စည်းပုံပြင်ဆင်ရေး နဲ့ သို့ လော သို့ လောအခြေအနေ..

နိုင်ငံရဲ့ အဓိက အရေး ပါတဲ့ ခေါင်းဆောင်တွေ ဖြစ်တဲ့ သမ္မတ ဦးသိန်းစိန်ရဲ့ သုံးနှစ် ပြည့် မိန့်ခွန်းနဲ့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ၆၉ နှစ် ပြည့် တပ်မတော် နေ့ မိန့်ခွန်း တွေ ဟာ မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲနဲ့ တပ်မတော် ရဲ့ အခန်းကဏ္ဍတွေ အပေါ် တစ်စိတ်တစ်ပိုင်းဖော်ပြနေပါတယ်။

"အနှစ် သာရနဲ့ ရည်ရွယ်ချက်တွေ ကို ပြည့်စုံစွာ လေ့လာပြီးရှုထောင့်စုံမှ သုံးသပ်ကာ အခြေခံဥပဒေ အခန်း(၁၂)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်း ချက်များ နဲ့အညီ ပြင်ဆင်မှု ဆောင်ရွက်နိုင်ရေး အလေးထားလိုက်နာကြရမှာ ဖြစ်ပါတယ်"

သမ္မတဦးသိန်းစိန်

"အခန်း ၁၂ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းမှာ ပြဋ္ဌာန်း ထားတဲ့ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကာကွယ်ရေး ဦးစီးချုပ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း ၁၂ ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ရခက်စေဖို့ ရေး ဆွဲထားတာပဲ ဖြစ်ပါတယ်။ အခန်း ၁၂ ပါ ပုဒ်မ ၄၃၆ ကို ပြင်ဆင်ဖို့ နိုင်ငံရေး အင်အားစု တွေ က ဆန္ဒရှိနေကြပေမဲ့ သမ္မတနဲ့ ကာချုပ် ကတော့ ဆက်လက်ရှိနေစေချင်တဲ့အနေအထားကို တွေ့မြင်ရပါတယ်။ ၂၀၀၈ ပေးထားချက်အရ တပ်မတော် မပါဘဲနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး ဟာ အောင်မြင်နိုင်ဖို့မရှိတာကြောင့် ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဟာ သို့ လော.. သို့ လော

အခြေအနေမှာ ပဲ ရှိဦးမှာ ပါ။

အန္တရာယ်ကြီးတော့မယ့် မြန်မာ့နိုင်ငံရေး ခရီး..

၂၀၁၄-၂၀၁၅မြန်မာ့နိုင်ငံရေး ခရီးဟာ သတိကြီးကြီးထားရမယ့်အန္တရာယ် ခရီးလမ်းတစ်ခုဆိုတာ သတိပြုရပါမယ်။ နိုင်ငံ့ခေါင်းဆောင်တွေ ရဲ့ စိတ် သဘောထားဟာ ဒီမိုကရေစီအသွင်းကူးပြောင်းရေး အတွက်လား အာဏာ တည်မြဲရေး အတွက်လားဆိုတာ ပုံပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဒါတင်မက တိုင်း ပြည်တည်ဆောက်လိုခြင်းလား၊ အာဏာတည်ဆောက်လိုခြင်း လားဆိုတာလည်း ရှင်းရှင်းလင်းလင်း တွေ မြင်လာရနိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ မြန်မာ့နိုင်ငံရေး ခရီးမှာ လူမျိုးရေး ဘာသာရေး ပဋိပက္ခချိန်ကိုက်ဗုံးတွေ ၊ ဖွဲ့စည်းပုံပြင်ဆင်ရေး လွန်ဆွဲမှု တွေ အကျပ်ကိုင်မှု တွေ ၊ အာဏာတည်မြဲရေး လွန်ဆွဲ မှု တွေ စတာတွေ ဟာ သတိကြီးစွာ ထားရမယ့် အန္တရာယ်တွေ ဖြစ်ပါတယ်။ ဒါတင်မကသေးဘဲ လယ်ယာမြေပြဿနာတွေ အိမ်ခြေရာမဲ့ ကျူးကျော် ပြဿနာတွေ ၊ ဒဏ်ရာမသေသေးတဲ့ လက်ပံတောင်းပုစ္ဆာ၊ မိကျောင်းကန် ပြဿနာစတာတွေ ကလည်း အချိန်မရွေးထလောင်နိုင်တဲ့ မီးစတွေ အ ဖြစ်ရှိနေ ပါတယ်။

လက်ရှိနိုင်ငံကို ဦးဆောင်နေသည့် ပုဂ္ဂိုလ် များ ရဲ့ နိုင်ငံရေး စိတ်စေတနာ ဟာလည်း ပေါ်လွင်လာတော့မှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပဲ သမ္မတဦးဆောင်တဲ့ သမ္မတရုံးအဖွဲ့ ဆောင်ရွက်နေတဲ့ မျိုးစောင့်ဥပဒေ ပြဋ္ဌာန်းရေး ဆောင်ရွက်ချက်က လွှတ်တော် နဲ့ ပါတီကို နိုင်ငံရေး အကျပ် အတည်းတွေ အနည်းနဲ့အများ ရောက်ရှိစေနိုင်တယ်ဆိုတာ သတိချပ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတအနေနဲ့ လူတစ်သန်းကျော်ထောက်ခံလက် မှတ်များ နဲ့ တောင်းဆိုမှု ကြောင့် ဆောင်ရွက်ရခြင်း ဖြစ်တယ်လို့ဆိုထားပါတယ်။ ဒီလိုဆိုရင် အကယ်၍ များ ပုဒ်မ၄၃၆နဲ့ပုဒ်မ၅၉(စ) ကိုထောက်ခံသူတွေ အနေနဲ့ သမ္မတကို လက်မှတ်ရေး ထိုးတောင်းဆိုလာရင်အဆိုပါကိစ္စကို ဆောင်ရွက်ပေး မှာ လားဆိုတာက မေးခွန်းထုတ်စရာ ကောင်းနေပါတယ်။

ငါးနှစ် တာဆိုတဲ့ သက်တမ်းဟာ အစိုးရတစ်ရပ်အနေနဲ့ တိုင်းပြည်ပြုပြင် ပြောင်းလဲရေး ကို ထိရောက်စွာ လုပ်နိုင်တဲ့ အချိန်ကာလတစ်ခုတော့ မဟုတ်ပါ ဘူး။

ပထမဦးဆုံးတာဝန်ယူရတဲ့ အစိုးရအနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် အဓိကလိုအပ်တဲ့ သော့ ချက်တွေ ဘယ်လောက်ထိ ဖွင့်ပေးနိုင်သလဲ ဆိုတာတော့ အရေး ကြီးပါတယ်။ စနစ်ပြောင်းမှာ ပထမဆုံး တာဝန်ယူရ တဲ့ အစိုးရများ ဟာ တာဝန်ကြီးမားသလို နိုင်ငံရေး စေတနာလည်း ကြီးမားဖို့လိုအပ် ပါတယ်။ သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရအနေနဲ့ မိမိအစိုးရ နာမည် ရ ရေး ဆိုတာထက် ဒီမိုကရေစီခရီးအတွက် လိုအပ်ချက်တွေ စိတ်ဓာတ်တွေ အခြေခံအုတ်မြစ် ချထားနိုင်သလား၊ ဒီမိုကရေစီပြောင်းလဲရေး ကို ပိတ်ပင် တားဆီးထားတဲ့ တံတိုင်းတွေ ကို ဖြိုဖျက်နိုင်ဖို့ အခြေအနေဘယ်လောက်ဖန်တီး ထားသလဲဆိုတာကို တွေ့မြင်ရတော့မှာ ပါ။

## မြန်မာ့နိုင်ငံရေး အတွက် အရေး အပေါ်အဖြေ

၂၀၁၅ အလွန်ကောင်းမွန်သော မြန်မာ့နိုင်ငံရေး အနာဂတ်ကိုဖန်တီးဖို့ရာမှာ လတ်တလော အခြေအနေနဲ့ ဆောင်ရွက်မှု များ က အဓိကကျနေတယ်လို့ အချုပ်အားဖြင့် ဆိုချင်ပါတယ်။ အခုချိန် ထိတော့ မြန်မာ့ဒီမိုကရေစီအနာဂတ် ခရီးအတွက်၊ နိုင်ငံနဲ့ပြည်သူအတွက်အရေး ပါလိုအပ်သော 'ဘုံ' ရည်မှန်းချက်ကို သဘောတူညီစွာ ချမှတ်နိုင်ခြင်း မရှိသေးပါဘူး။ လက်ရှိနိုင်ငံကို ဦးဆောင်နေတဲ့ ခေါင်းဆောင်တွေ အပါအဝင်၊ နိုင်ငံရေး အင်အားစု ခေါင်းဆောင်များ ၊ တိုင်းရင်းသား ခေါင်းဆောင်များ အားလုံးပါဝင်တဲ့ ဆွေးနွေးမှု ကတစ်ဆင့် တိုင်းပြည်အတွက် တိကျသေချာတဲ့ ရည်ရွယ်ချက် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်နိုင်ဖို့ လိုအပ်နေ တယ်လို့ ဆိုရပါမယ်။ ဒီလို ချမှတ်တဲ့ နေရာမှာ တိကျသေချာတဲ့ အချိန်ကာလ တစ်ခုကိုပါ ထည့်သွင်းသတ်မှတ်ဖို့ လိုအပ်ပါတယ်။ ဒါတင်မကပါဘူး အများ ပြည်သူပါ သိရှိနိုင်ဖို့ ပွင့်လင်းမြင်သာမှု ရှိတဲ့ ဆွေးနွေးမှု လည်း ဖြစ်ဖို့လိုအပ်ပါ တယ်။ ပွင့်လင်းမြင်သာစွာ ဆွေးနွေးမှသာ ဘယ်သူတွေ နိုင်ငံရေး စေတနာ ဘယ်လောက်ရှိတယ်ဆိုတာကို ပြည်သူတွေ သိရှိနိုင်မှာ လည်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မိမိတို့ လိုလားချက် သက်သက်တွေ ကို ဆုပ်ကိုင် ထားလို့မရသလို၊ တစ်ဦးနဲ့တစ်ဦးအကျပ်အတည်းများ ဖန်တီးနေလို့လည်း မရပါဘူး။ အာဏာတည်မြဲရေး ကိုလည်း ဆက်လက်တည်ဆောက်နေလို့မရပါ ဘူး။ အချုပ်အားဖြင့်

ဆိုရရင် အာကာသတည်ဆောက်ရေး၊ အာကာသတည်မြဲရေး လမ်းစဉ်တွေ ကိုစွန့်လွှတ်ပြီး တိုင်းပြည်တည်ဆောက်ရေး ဒီမိုကရေစီအသွင် ကူးပြောင်းရေး ကို စတင်လုပ်ကိုင်သင့်နေပါပြီ။

•••




“တရားဥပဒေအရ အရေးယူ
ဆောင်ရွက်ရမှာတွေကို တရားဥပဒေရဲ့
အဆုံးအဖြတ်အတိုင်း
မဆောင်ရွက်ဘဲ အကြမ်းဖက်လိုသူတွေက
ဘာသာရေး လူမျိုးရေးကို
အသုံးပြုပြီး ပဋိပက္ခတွေ
ကိုဖန်တီးခဲ့ကြတာတွေမြင်နိုင်ပါတယ်။ ”

# 'မြန်မာ့ဒီမိုကရေစီဟာ ပဋိပက္ခ နွံ့တွေ ထဲမှာ နစ်နေပြီလား'

(၂၀၁၄ ဇူလိုင်လ ၇ ရက်နေ့ထုတ် the street view)

တရားဝင်သတင်းဌာနတစ်ခု မဟုတ်တဲ့ "သစ်ထူးလွင်" သတင်း ဝက်ဘ်ဆိုဒ်မှာ ဖော်ပြလိုက်တဲ့ အင်တာနက်သတင်းတစ်ပုဒ်ကြောင့် ဘာသာ ရေး လူမျိုးရေး ဆန်တဲ့ ပဋိပက္ခအကြမ်းဖက်မှု တွေ နဲ့ ရန်းရင်းဆန်ခတ်မှု တွေ မန္တလေးမြို့မှာ ဖြစ်ပေါ်ခဲ့ပါတယ်။

ဇူလိုင်လ ၁ ရက်ကမန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံအရှေ့ရပ် ကွက်၊ ၂၇ လမ်းနှင့် ၈၂ လမ်းထောင့်မှာ ရှိတဲ့ဆန်းကဖေး လက်ဖက်ရည်ဆိုင် မှာ လူစုလူဝေးနဲ့ရန်းရင်းဆန်ခတ်မှု စတင် ဖြစ်ပွားခဲ့တာပဲ ဖြစ်ပါတယ်။ ဇူလိုင် ၁ ရက် ညပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ ဘာသာရေး ၊ လူမျိုးရေး အသွင်ဆောင်သော ပဋိပက္ခမှာ ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လူ ၆ ဦး ဒဏ်ရာရရှိခဲ့တယ်လို့ သတင်းတွေ မှာ ဖော်ပြထားပါတယ်။

မော်တော် ယာဉ် ၁၀ စီးနဲ့ ဆိုင်ခန်းအချို့လည်း ဖျက်ဆီးခံခဲ့ရပြီး အခြေအနေပြန်လည်တည်ငြိမ်မှု ရရှိသွားခဲ့ပေမဲ့ ဇူလိုင်လ ၂ ရက် ညမှာ တော့ ပဋိပက္ခ တွေ ဟာ တစ်ကျော့ပြန် ဖြစ်ပွားခဲ့ပြန်ပါတယ်။ ဇူလိုင် ၂ ရက်ညမှာ ဖြစ်ပွားခဲ့တဲ့ ရန်းရင်းဆန်ခတ်မှု ပဋိပက္ခတွေ ကြောင့် လူနှစ် ဦးသေဆုံးပြီး ဒဏ်ရာရရှိမှု က ၁၄ ဦးထိ ရှိခဲ့ပါတယ်။

ဇူလိုင်လ ၃ ရက် အရောက်မှာ တော့ ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်ပါတော့တယ်။ မြန်မာပြည်ရဲ့ ဒီမိုကရေစီအစိုးရသစ် သက်တမ်းအတွင်း မှာ ဘာသာရေး လူမျိုးရေး အသွင်ဆောင်သော အကြမ်းဖက်ပဋိပက္ခတွေ ဟာ ၈ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။ မိတ္ထီလာမှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခအပါအဝင် စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့နယ်၊ ယခုမန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်စတဲ့ဒေသတွေ မှာ ပဋိပက္ခနဲ့အကြမ်းဖက်မှု ရန်းရင်းဆန်ခတ်မှု တွေ ဖြစ်ပွားစေတဲ့အကြောင်း အရင်းတွေ ဟာဆင်တူနေတာတွေ့ရသလို၊ ပဋိပက္ခအတွင်း မှာ တာဝန်ရှိသူ တွေ ရဲ့ ကိုင်တွယ်ဖြေရှင်းမှု တွေ ကလည်း ထိရောက်မှု သိပ်မရှိလှတာကို တွေ့ရပါတယ်။

သတင်း ဖော်ပြချက်တွေ အရ မန္တလေးပဋိပက္ခကို တာဝန်ရှိသူတွေ ရဲ့ ကိုင်တွယ်ဖြေရှင်းမှု တွေ က ဟိုအရင်က ဖြစ်ပေါ်ခဲ့ဖူးတဲ့ ပဋိပက္ခ ဖြစ်စဉ်တွေ ရဲ့ ကိုင်တွယ်ဖြေရှင်းမှု တွေ လိုပဲလျော့လျော့ ရဲရဲနိုင်နေတာကို တွေ့ရပါတယ်။

ဒါ့အပြင် ပဋိပက္ခ ဖြစ်ပွားမှု အချိန် အများ စုဟာ နိုင်ငံတော် သမ္မတရဲ့ နိုင်ငံခြားခရီးစဉ်တွေ နဲ့ တိုက်ဆိုင်မှု ရှိနေတာကိုလည်း အံ့သြဖွယ်ရာတွေ့ မြင်နေရပြန်ပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ တိုင်းပြည်အတွင်း မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေ ရဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာကို လုံခြုံမှု တွေ ပေးနိုင်ဖို့ အသက်အိုးအိမ်စည်းစိမ်တွေ ကိုကာကွယ် စောင့်ရှောက် ဖို့ တာဝန်ရှိပါတယ်။ သို့ ပေမဲ့ ဒီမိုကရေစီနိုင်ငံအ ဖြစ်ကို ကူးပြောင်းနေတယ် ဆိုတဲ့မြန်မာနိုင်ငံက ပြည်သူတွေ ဟာ ခုချိန်မှာ တော့ ပြုပြင်ပြောင်းလဲရေး အစိုးရရဲ့ လက်ထဲမှာ အသက်အိုးစည်းစိမ်ဖျက်ဆီးခံရမှု တွေ ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မလုံခြုံမှု တွေ ကိုသာ ခံစားနေရတယ်လို့ ဆိုရတော့မှာ ပါ။

သုံးနှစသက် တမ်းအတွင်း မှာ ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခ ဖြစ်စဉ်တွေ ကို ခြုံငုံ ကြည့်လိုက်မယ်ဆိုရင်လည်း အကူးအပြောင်းကာလမှာ ဘာသာရေး လူမျိုး ပဋိပက္ခတွေ ကို မကြာခဏခံစားခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ အကြမ်း ဖက်ပဋိပက္ခနွံ့ထဲမှာ နစ်နေရဆဲလို့ သုံးသပ်ရပါတော့မယ်။

မန္တလေးမြို့မှာ ဖြစ်ပေါ်တဲ့ ရန်းရင်းဆန်ခတ်မှု မှာ မန္တလေးဒေသခံတွေ ပါဝင်မှု မရှိဘူးလို့ ဒေသခံအများ စုပြောဆိုနေကြပြီး ဒီအကြမ်းဖက်မှု ပဋိပက္ခ တွေ ကိုစိတ်ပျက်ဖွယ်ရာအ ဖြစ် ကန့်ကွက်ပြောဆိုနေကြတာ အင်တာနက် စာမျက်နှာတွေ မှာ တွေ မြင်ရပါတယ်။ ပဋိပက္ခ ဖြစ်စဉ်တွေ တိုင်းမှာ သာမန် ဒေသခံ ပြည်သူတွေ မဟုတ်တဲ့ ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ ဘယ်က ဘယ်လို ရောက်ရှိလာကြမှန်းမသိသလို၊ ဒေါသထွက်နေတဲ့ လူအုပ်ကြီးနဲ့ ပတ်သက်ပြီး စုံစမ်းဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါဘူး။

တရားဥပဒေအရ ဖြေရှင်းရမယ့် ပြစ်မှု တွေ ကို တရားဥပဒေအရ ဖြေရှင်း ခြင်းမပြုလုပ်ဘဲ လူစုလူဝေးနဲ့ အကြမ်းဖက်ဖြေရှင်းမှု တွေ ဟာ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းအတွင်း မှာ မရှိသင့်သလို ဒီမိုကရေစီနိုင်ငံနဲ့ သင့်လျော်တဲ့ အပြုအမူတွေ

လည်းမဟုတ်ပါဘူး။ ဘာသာ ရေး လူမျိုးရေး ကို အကြောင်းပြကာ တရားဥပဒေစိုးမိုးမှု ကိုစိန်ခေါ်ပြီး၊ အုပ်စုဖွဲ့အကြမ်း ဖက်မှု တွေ ကို အစိုးရအနေနဲ့ ဥပဒေအတိုင်း ထိထိရောက်ရောက် အရေး ယူနှိမ်နင်းမှု တွေ ပြုလုပ်ဖို့လို အပ်နေပါပြီ။ ဒီလိုကိုင်တွယ်ဆောင် ရွက်နိုင်ခြင်းမရှိဘူးဆိုရင်တော့ ဒေါသထွက်နေတဲ့ လူအုပ်ကြီးနဲ့ အကြမ်းဖက် ပဋိပက္ခတွေ ဟာ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ သုံးနှစ် သားကျော် မြန်မာ့ဒီမိုကရေစီ ကို ခြိမ်းခြောက်နေဦးမှာ ဖြစ်ပါတယ်။

တရားဥပဒေရဲ့ ကာကွယ်စောင့်ရှောက်မှု ကို နိုင်ငံသားတွေ အားလုံး မြန်မာပြည်ရဲ့ ဒုတိယအစည်ကားဆုံး ဒုတိယအဖွံ့ဖြိုး ဆုံးမြို့တော် ဖြစ်တဲ့ မန္တလေးလို မြို့ကြီးမှာ နေထိုင်ကြတဲ့ ပြည်သူတွေ မှာ တောင် စိတ်ပိုင်း ဆိုင်ရာ မလုံခြုံမှု တွေ ၊ ရုပ်ပိုင်းဆိုင်ရာမလုံခြုံမှု တွေ ၊ အသက်အိုးအိမ် စည်းစိမ်ထိခိုက်မှု တွေ ကို ခံစားနေရမယ်ဆိုရင်မြန်မာနိုင်ငံ အရေး ဟာ စိုးရိမ်ဖွယ်ရာ ဖြစ်လာနေပြီဆိုတာ သေချာနေပါပြီ။ တိုင်းပြည်ကို တာဝန် ယူအုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့အစည်းတွေ အပါအဝင် ဩဇာရှိနိုင်ငံရေး သမားတွေ ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းတွေ ၊ အားလုံးက ပူးပေါင်းပြီး တည်ငြိမ်အေးချမ်းရေး အတွက် ပိုင်းဝန်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မန္တလေး ဖြစ်စဉ် အပါအဝင် မိတ္ထီလာ၊ ကန့်ဘလူ၊ သံတွဲ စတဲ့ဒေသတွေ မှာ ဖြစ်ပေါ်ခဲ့တဲ့ပဋိပက္ခတွေ ရဲ့ နောက်ကွယ်မှာ ကြိုးကိုင်လှုပ်ရှားမှု တွေ ရှိနေသလို၊ နိုင်ငံရေး အရ အမြတ်ထုတ် ဆောင်ရွက်လိုမှု တွေ ပါဝင်နေတယ်လို့လည်း သုံးသပ်ပြောဆိုနေကြပါတယ်။

သို့သော်လည်း ပဋိပက္ခတွေ ဖြစ်ပေါ်စေဖို့ကြိုးကိုင်လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ် တွေ အဖွဲ့အစည်းတွေ ကို ဖော်ထုတ်နိုင်ခြင်းတော့ မရှိသေးပါဘူး။ ဒါ့အပြင် ဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခ ဖြစ်စဉ်တွေ အားလုံးမှာ အကြမ်းဖက်ဖို့ ပါဝင်ခဲ့တဲ့သူ တွေ ကိုထုတ်ဖော်အရေး ယူတာကိုလည်း အားရဖွယ်ရာမတွေ့ရပါဘူး။ အုပ်စုဖွဲ့ အကြမ်းဖက်မှု တွေ မှာ ပါဝင်တဲ့အတွက် တရားဥပဒေအရ ထိရောက်စွာ အရေး ယူခြင်းမခံရဘူးဆိုရင် အကြမ်းဖက်သူတွေ ဟာ နောက်ထပ် ပဋိပက္ခတွေ ကို ဖန်တီးဖို့၊ အကြမ်းဖက်မှု တွေ မှာ ပါဝင်ဖို့ လက်တွန့်နေမှာ စိုးရိမ်နေမှာ မဟုတ်ပါဘူး။

၂၀၁၂ ခုနှစ် အတွင်းမှာ ဆိုရင် ဘာသာရေး၊ လူမျိုးရေး ဆက်နွယ်တဲ့ ပဋိပက္ခတွေ ၊မီးတွေ ကြောင့် ရခိုင်ပြည်နယ်ဟာ တောက်လောင်ခဲ့ရပါတယ်။ ၂၀၁၃ မတ်လအတွင်းမှာ ဆိုရင်လည်း ဘာသာရေး အသွင်ဆောင်ခဲ့တဲ့ ပဋိပက္ခမီးဟာ မိတ္ထီလာမှာ တောက်လောင်ခဲ့ပြီး မြို့ခံတွေ ရဲ့ အသက်အိုးအိမ် စည်းစိမ် ထိခိုက်ပျက်စီးခဲ့ရကာ မြန်မာပြည်သူတွေ ကို ထိတ်လန့်စေခဲ့ရပါတယ်။ အလားတူပဲ ၂၀၁၃ ဧပြီလ ၃၀ ရက် ဥက္ကံမှာ ကိုရင်တစ်ပါးနဲ့ မွတ်စလင် အမျိုးသမီးတို့ မတော် တဆတိုက်မိရာကနေစတဲ့ပဋိပက္ခဟာ နေအိမ်တွေ မီးလောင်ဆုံးရှုံးခဲ့ရပါသေးတယ်။ ဩဂုတ် လ ၂၄ ရက်မှာ ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ အဓမ္မပြုကျင့်မှု တစ်ခုကိုအခြေခံပြီး ပဋိပက္ခတွေ ဖြစ်ပွားခဲ့ရာမှာ အိမ်ခြေ ၄၄ လုံးထိ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ မေလ ၂၈ ရက်နဲ့ ၂၉ နေ့တွေ မှာ လားရှိုးမြို့မှာ လည်း ရန်းရင်းဆန်ခတ်မှု တွေ ဖြစ်ပွားခဲ့ရပါတယ်။ မတ်လအတွင်းမှာ အုတ်ဖိုနဲ့ မင်းလှမှာ ကြုံတွေ့ခဲ့ရပြီး အောက်တိုဘာလအတွင်းမှာ လည်း သံတွဲ မြို့မှာ ပဋိပက္ခတွေ ဖြစ်ပွားခဲ့ပါ သေးတယ်။

ဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဉ်တွေ ကို ကြည့်လိုက်မယ်ဆိုရင် တရားဥပဒေအရ အရေး ယူ ဆောင်ရွက်ရမှာ တွေ ကို တရားဥပဒေရဲ့ အဆုံးအဖြတ်အတိုင်း မဆောင်ရွက်ဘဲ အကြမ်းဖက်လိုသူတွေ က ဘာသာရေး လူမျိုးရေး ကို အသုံးပြုပြီး ပဋိပက္ခတွေ ကိုဖန်တီးခဲ့ကြတာတွေ့မြင်နိုင်ပါတယ်။

နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာတရား ကြီးမားခြင်း စတဲ့ အမူအကျင့် တွေ ဟာ မြန်မာပြည်ရဲ့ ပြည်သူတွေ ရဲ့ ပုံရိပ်တစ်ခု ဖြစ်တယ်လို့ ကမ္ဘာက ရှုမြင်ကြပါတယ်။ ဘာသာရေး လူမျိုးရေး ကို အသုံးချပြီး နိုင်ငံရေး အမြတ် ထုတ်လိုတဲ့ အကြမ်းဖက်မှု တွေ ဟာ မြန်မာပြည်သူတွေ ရဲ့ နူးညံ့အေးချမ်း တဲ့ပုံရိပ် မေတ္တာတရားကြီးမားတဲ့ ပုံရိပ်တွေ ကို ဖျက်ဆီး ပစ်တော့မှာ ကို စိုးရိမ်ရပါတယ်။ နှစ် ပေါင်းများ စွာ အာဏာရှင်စနစ်ကို တွန်းလှန်တဲ့ နေရာမှာ တောင် အကြမ်းမဖက် ငြိမ်းချမ်းတဲ့ အနည်းနဲ့ တွန်းလှန်ခဲ့တဲ့ သာဓကတွေ လည်းရှိပါတယ်။ ဘာသာရေး အဆုံးအမတွေ အရကြည့်မယ် ဆိုရင်လည်း အကြမ်း ဖက်မှု ကို အားမပေးဘဲ မေတ္တာတရားကိုသာ အခြေခံထားတာကို တွေ့မြင်ရမှာ ပါ။

ဖြစ်စဉ်တွေ အားလုံးကို ခြုံငုံသုံးသပ်ကြည့်လိုက်မယ်ဆိုရင် လူမှု ကွန် ရက်တစ်ခု ဖြစ်တဲ့ ဖေ့စ်ဘုတ်စာမျက်နှာတွေ ပေါ်မှာ အမုန်းတရားတွေ ဝါဒ ဖြန့်ချိမှု နဲ့ လှုံ့ဆော်ရေး သားမှု တွေ ဟာ ပဋိပက္ခတွေ ဖြစ်ပွားဖို့ကို အဓိက တွန်း အားပေးနေတာကိုတွေ့ရပါတယ်။ အင်တာနက်စာမျက်နှာတွေ ပေါ် မှာ ရေး သား ဝါဒဖြန့်ချိမှု တွေ ကိုလည်း အစိုးရက ထိထိရောက်ရောက်ဖြေရှင်းဖို့ လိုနေပါပြီ။ တရားဝင်တည်ထောင်ထားတဲ့ နိုင်ငံရေး ပါတီတစ်ခုက ဥက္ကဋ္ဌကိုယ်တိုင် က သူရဲ့ ဖေ့စ်ဘုတ်စာမျက်နှာပေါ်မှာ ဘာသာရေး လူမျိုးရေး မုန်းတီးမှု တွေ ကို ဝါဒဖြန့်ချိတာ၊ ပဋိပက္ခတွေ ဖြစ်ပွားအောင် အားပေးလှုံ့ဆော်ရေး သားတာတွေ ကပေါ်ပေါ်ထင်ထင်လုပ်ဆောင်နေတဲ့အပေါ်မှာ တာဝန်ရှိသူတွေ က အရေး ယူ ဆောင်ရွက်ခြင်းမရှိတာက မေးခွန်းထုတ်စရာကောင်းနေပါတယ်။

နာမည် ကျော်ကြားတဲ့ ဘုန်းတော် ကြီးဦးဝီရသူရဲ့ ဖေ့စ်ဘုတ်စာ မျက်နှာက ရေး သားပြောဆိုမှု တွေ ကလည်းပဋိပက္ခ တွေ ကိုပြေလည်သွားစေ ဖို့ထက်ပဋိပက္ခတွေ ကို တွန်းအားပေးစေတဲ့ ရေး သား ပြောဆိုမှု တွေ ကို သာတွေ့မြင်နေရပါတယ်။ အလားတူပဲ အစ္စလာမ်ဘာသာဝင်များ ဟု ယူဆရသော ဖေ့စ်ဘုတ်စာမျက်နှာအချို့ကလည်း ပဋိပက္ခကိုကြီးထွား စေမယ့်ရေး သားပြောဆိုမှု တွေ ရှိနေတာတွေ့ရပါတယ်။

အစိုးရအနေနဲ့ ပဋိပက္ခ ဖြစ်စဉ်တွေ အပေါ်မှာ ကိုင်တွယ်ဖြေရှင်းမှု ကို ထိထိ ရောက်ရောက် မလုပ်ဆောင်နိုင်သလို၊ ဘာသာရေး လူမျိုးရေး ပဋိပက္ခ တွေ ဖြစ်ပေါ်စေမယ့် လှုံ့ဆော်ဟောပြောမှု တွေ ၊ ရေး သားဖြန့်ချိမှု တွေ အပေါ်မှာ ထိန်းသိမ်းတာအရေး ယူ ဆောင်ရွက်တာတွေ ကို လုပ်ဆောင်ခြင်းမရှိတာ ကိုလည်း တွေ့မြင်ရပါတယ်။ မျိုးစောင့်ဥပဒေ ထောက်ခံခြင်းနဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ မပြင်ဆင်ရေး ၊ ပုဒ်မ ၄၃၆ မပြင်ဆင်ရေး ၊ ပုဒ်မ ၅၉(စ) မပြင်ရေး ဟောပြောပွဲတွေ မှာ ဘာသာရေး လူမျိုးရေး မုန်းတီးမှု ဖြစ်ပေါ်စေ မယ့် စကားတွေ ဟောပြောခြင်း၊ ဓာတ်ပုံပိုစတာတွေ ပြသခြင်း၊ ဒေါ်အောင် ဆန်းစုကြည်အပေါ် ပုဂ္ဂိုလ်ရေး အရပေါ်ပေါ်ထင်ထင်တိုက်ခိုက်ပြော ဆိုခြင်းတွေ ရှိနေပေမဲ့ ဒီအပေါ်မှာ အစိုးရအနေနဲ့တစ်စုံတစ်ရာ ဆောင်ရွက် တာ၊ သတိပေးတာ ရှိမနေဘူးလို့ ဝေဖန်ပြောဆိုတာတွေ လည်းရှိနေပါတယ်။

တစ်ချိန်တစ်ခါက မြန်မာပြည်ရဲ့ ရဲထောက်လှမ်းရေး တွေ ဟာ နိုင်ငံရေး လှုပ်ရှားမှု တွေ ကို စုံစမ်းထောက်လှမ်းနိုင်မှု ၊ နိုင်ငံရေး သမားတွေ ကို စုံစမ်း ထောက်လှမ်းနိုင်မှု တွေ ကို ရှုပ်ရှုပ်ချွံချွံ လုပ်ဆောင်နိုင်ခဲ့တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရေး လှုပ်ရှားမှု တွေ ဖြစ်ပေါ်မလာအောင်လည်း ကျွမ်းကျင် စွာ တားဆီးနိုင်တာတွေ ရှိခဲ့ပါတယ်။ အခုဒီမိုကရေစီခေတ်ကို ရောက်လာတဲ့ (၃)နှစ် အတွင်း မှာ တော့ မကြာခဏ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ နဲ့ ပတ်သက်ပြီး ကြိုးကိုင်လှုပ်ရှားသူတွေ ပါဝင်သူတွေ ကို စုံစမ်းဖော်ထုတ်နိုင်ခြင်းမရှိတာကို အံ့ဩဖွယ်ရာတွေ့မြင်ရပါတယ်။ သင်ခန်းစာယူရမယ့် ပဋိပက္ခ ဖြစ်စဉ်တွေ ရှေ့မှာ ဖြစ်ခဲ့တာရှိနေပေမဲ့လည်းပဋိပက္ခ ဖြစ်တော့မယ့် အရိပ်အယောင်တွေ တွေ့လာတိုင်း စီမံချက်ချဆောင်ရွက်နိုင် ခြင်းမရှိခဲ့ပါဘူး။

ဘာသာရေး လူမျိုးရေး ဆန်တဲ့ ပဋိပက္ခ ဖြစ်ပွားမှု တွေ များ ပြားလာခဲ့ရင် ဒါမှမဟုတ် ပြန့်ပွားမှု ကြီးထွားလာခဲ့ရင် တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းမှု ပျောက် ဆုံးသွားနိုင်ပါတယ်။ ဒ့ါအပြင် တိုင်းပြည်အတွင်း မှာ ရှိတဲ့ ပြည်သူတွေ ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဟာလည်း အခြိမ်းခြောက်ခံနေရမှာ ဖြစ်သလို စိတ်ဒဏ်ရာတွေ ရရှိမှု များ ပြားလာနိုင်ပါတယ်။ ပဋိပက္ခတွေ ဟာ ဘာသာရေး လူမျိုးရေး တွေ ကို အခြေခံတယ်ဆိုပေမဲ့ ဘယ်ဘာသာရေး ကမှ အကြမ်းဖက်မှု ကို ခွင့်ပြုမထားသလိုအားပေးထားတာလည်း မရှိပါဘူး။ ဘယ်လူ့အဖွဲ့ အစည်းကမှလည်း အကြမ်းဖက်မှု တွေ ၊ အမုန်းတရားတွေ ကို လက်ခံခြင်းမရှိပါဘူး။ သွေးထိုးလှုံ့ဆော်မှု တွေ ကို တားဆီးမှု မပြုလုပ်နိုင်ရင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မှာ အမုန်းတရားတွေ ၊ တစ်ဦးနဲ့ တစ်ဦးမယုံ ကြည်မှု တွေ ဖြစ်ပေါ်လာနိုင်တာကို သတိပြုရမှာ ဖြစ်ပါတယ်။အမုန်း တရားတွေ ကြီးထွားလာတာနဲ့အမျှ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မှာ လူသား ဆန်မှု တန်ဖိုးစံနှုန်းတွေ ကို တန်ဖိုးထားတဲ့ အလေ့အကျင့်တွေ ၊လူ့အခွင့် အရေး ကို တန်ဖိုးထားမှု တွေ ပျောက်ဆုံးသွားနိုင်ပါတယ်။

မြန်မာပြည်ဟာ ဒီမိုကရေစီနိုင်ငံအ ဖြစ်ကို အသွင်ကူးပြောင်းစပြုနေတဲ့ နိုင်ငံတစ်ခု ဖြစ်သလို၊တိုင်းပြည်အတွင်း က ပြည်သူတွေ ကို ဒီမိုကရေစီအလေ့ အကျင့်တွေ

ရလာအောင်လေ့ကျင့် ပျိုးထောင်နေရတဲ့ အချိန်ပဲ ဖြစ်ပါတယ်။ ဒီလိုအချိန် ဒီလိုအခြေအနေမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွင် းက ပြည်သူတွေ ကို ကမ္ဘာဆန်တဲ့အမြင်ရှိဖို့နဲ့ လူသား ဖြစ်တည်မှု နဲ့ လူ့အခွင့်အရေး တွေ ကို တန်ဖိုးထားတတ်အောင် တစ်ပါတည်း ပြုစုပျိုးထောင်ပေးသွားဖို့လိုပါတယ်။

ကမ္ဘာဆန်တဲ့အမြင်ဆိုတာ ကတော့ ကမ္ဘာကြီးက လူမျိုးမရွေး၊ ဘာသာ မရွေး၊ အသားအရောင် မရွေး လူသားအားလုံး စုပေါင်းအားလုံးနေထိုင်တဲ့ အိမ်ကြီးတစ်လုံးလို့ရှုမြင်ဖို့၊ ကမ္ဘာပေါ် မှာ ရှိတဲ့ လူသားတွေ ၊သယံဇာတတွေ ၊ ယဉ်ကျေးမှု တွေ ကို အားလုံးကပိုင်းဝန်း စောင့်ရှောက်ဖို့၊ ဘယ်လူသားရဲ့ ဝေဒနာ ကိုမဆိုအတူတကွမျှဝေခံစားဖို့၊ ကိုယ့်ရဲ့ အောင်မြင်မှု ကိုလည်း တစ်ကမ္ဘာလုံးကို ပိုင်ဆိုင်ခွင့်ပြုဖို့ဆိုတာကို လူမှု လေ့လာရေး သုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကနေပြီးတော့လူမှု ယဉ်ကျေးမှု ကျောင်းသားတွေ အတွက် စီမံထားတဲ့ အချက်တွေ ထဲမှာ အချက်တစ်ချက်အ ဖြစ် ပြဋ္ဌာန်းထားပါတယ်။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်ရေး ကြေညာစာတမ်း အပိုဒ် ၃ မှာ လည်း "လူတိုင်း၌ အသက်ရှင်ရန်လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည်"လို့ ပြဋ္ဌာန်းထားပါ တယ်။ ဒါတွေ တန်ဖိုးထားနိုင်မှသာလျှင်၊ အလေးထားလိုက်နာနိုင်မှသာလျှင် မြန်မာ့လူ့အဖွဲ့အစည်းဟာ တိုးတက်ပြီး ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်လာမှာ ပါ။

နိုင်ငံရေး အမြတ်ထုတ်လိုမှု တွေ ၊ အာဏာတည်ဆောက်လိုမှု တွေ ကြောင့် ၊ ဒါမှမဟုတ်ဘာသာရေး လူမျိုးရေး အခြေခံ အမုန်းတရားတွေ ကြောင့် စတာ တွေ ကို အခြေခံပြီး အမုန်းတရားတွေ ပြန့်လာအောင်လှုံ့ဆော်နေမယ်၊ ဝါဒဖြန့်ချိနေမယ်၊ ပဋိပက္ခတွေ ဖန်တီးနေမယ်ဆိုရင်တော့ အနာဂတ် မြန်မာ နိုင်ငံနဲ့ မြန်မာ့ လူ့အဖွဲ့အစည်းဟာ အန္တရာယ်တောထဲကို ရောက်သွားနိုင်ပါ တယ်၊ ကမ္ဘာ့အမြင်မှာ မြန်မာ့ပုံရိပ်ဟာ မကောင်းနိုင်ပါဘူး။ တိုင်းပြည် အတွင် းမှာ ရှိတဲ့ ပြည်သူတွေ အနေနဲ့လည်းတရားဥပဒေရဲ့ စောင့်ရှောက်မှု မခံစားရဘဲ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ မလုံခြုံမှု တွေ ကိုသာ ခံစား နေရရင် တိုင်းပြည်နဲ့ အုပ်ချုပ်နေတဲ့ အစိုးရအပေါ်မှာ ယုံကြည်မှု တွေ ပျောက်ဆုံး သွားမှာ

ဖြစ်သလိုနိုင်ငံတကာမှာ လည်း အစိုးရဲ့ ဂုဏ်သိက္ခာကို ထိခိုက် စေနိုင်တာကို သတိပြုဖို့လိုပါတယ်။ မြန်မာ့ဒီမိုကရေစီဟာ အကြမ်းဖက်ပဋိပက္ခ နွံတွေ ထဲမှာ နစ်နေပြီလား၊ ရုန်းထွက်ဖို့ ခက်နေပြီလားဆိုတာကို သုံးသပ်ကြည့်ဖို့လိုနေပါပြီ။အစိုးရအနေ နဲ့ပဋိပက္ခ ဖြစ်စေမယ့်ဟောပြောလှုံ့ဆော်မှု တွေ ကိုအရေး ယူဆောင်ရွက်ဖို့လိုပါ တယ်။

မန္တလေးပဋိပက္ခကို ဆက်လက်ကြီးထွားမလာအောင် ထိန်းသိမ်းနိုင် ခြင်းမရှိရင်တော့ ပြည်သူတွေ ရဲ့ အသက် အိုးအိမ်စည်းစိမ်တွေ ကို ကာကွယ်စောင့် ရှောက်ရမယ့် အစိုးရအပေါ်မှာ ပြည်သူတွေ ရဲ့ ယုံကြည်ကိုးစားမှု ရှိတော့မှာ မဟုတ်ပါဘူး။ အရပ်ဘက်လူမှု အဖွဲ့ အစည်းအသီးသီးနဲ့ ဘာသာရေး အဖွဲ့ အစည်းအသီးသီးတွေ ကလည်း မြန်မာ့လူ့အဖွဲ့အစည်း တစ်ခုလုံး ငြိမ်းချမ်းဖို့၊ အမုန်းတရားတွေ ပပျောက်ဖို့ ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ ဝိုင်းဝန်းဆောင် ရွက်ကြဖို့လိုပါတယ်။

နိုင်ငံအတွင်း းမှာ ရှိတဲ့ ဘာသာလူမျိုးပေါင်းစုံ ပြည်သူတွေ အနေနဲ့လည်း အကြမ်းဖက်မှု တွေ ဟာ ဘာသာရေး လူမျိုးရေး ပြဿနာမဟုတ်ဘဲဘာသာ ရေး ၊ လူမျိုးရေး ကိုအသုံးချနေတဲ့ နိုင်ငံရေး အမြတ်ထုတ်မှု တွေ သာ ဖြစ်တယ်ဆို တာကိုသိရှိနေဖို့လိုအပ်ပါတယ်။ ဘာသာရေး လူမျိုးရေး ကို အကြောင်းပြပြီး အကြမ်းဖက်ဖို့၊ ရန်းရင်းဆန်ခတ် ဖြစ်ဖို့၊ အမုန်းတရားကြီးထွားဖို့ဝါဒဖြန့်လှုံ့ဆော် ရေး သားဟောပြောမှု တွေ ကို သတိထားစောင့် ကြည့်ပြီး ဝိုင်းဝန်းဆန့်ကျင်ဖို့ လိုအပ်နေပါပြီ။ ကိုယ်ချင်းစာတရားကြီးမားတဲ့၊ မြန်မာ့မှုအရ မေတ္တာ တရားကြီးမားတဲ့မြန်မာဓလေ့ထုံးတမ်းတွေ မပျောက်ပျက်ဖို့၊ ပြုပြင်ပြောင်းလဲ စမြန်မာ့ဒီမိုကရေစီဟာ ပဋိပက္ခနွံထဲမှာ နစ်မနေစေဖို့ပြည်သူတွေ ကသာ ကယ်တင်နိုင်မယ့်အခြေအနေသာရှိတော့တယ်ဆိုတာကို လည်းသတိပြုရမှာ ဖြစ်ပါတယ်။

•••

❝

ပြည်ခိုင်ဖြိုးက မွေးထုတ်ပေးမယ့် NLD အတွက်
ပါဝါပလေယာအသစ်လို့ ဆိုထားတာဟာ
ပြည်ခိုင်ဖြိုးအင်အားစုထဲကနေဖြစ် ပေါ်လာမယ့်
NLD အတွက် ပါဝါပလေယာအသစ်ကို
ညွှန်းဆိုချင်တာ မဟုတ် ပါဘူး။ လက်တလောအချိန်မှာ
အာဏာရပါတီဖြစ်တဲ့ ပြည်ခိုင်ဖြိုးပါတီနဲ့ တပ်မတော်တို့က
နိုင်ငံရေးအရ သဘောထားကြီးမှုကို ထုတ်ဖော်မပြသတဲ့
ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်ရေးကို
ပိတ်ပင်ထားတဲ့ ပုဒ်မ ၅၉ (စ)ကို
မပြင်ဆင်ဘူးဆိုရင်တော့.... ❞

'USDP က မွေးထုတ်ပေးမယ့်
NLD ရဲ့ ပါဝါပလေယာအသစ်နှင့်
မြန်မာ့နိုင်ငံရေး အဖြေ'

(၂၀၁၄ ဇူလိုင်လ ၂၁ ရက်နေ့ထုတ် the street view)

၂၀၁၅ ရွေးကောက်ပွဲကို ချောမွေ့စွာ ကျော်ဖြတ်နိုင်မယ်ဆိုရင်တော့ မြန်မာ့နိုင်ငံရေး မှာ ပါဝါပလေယာ အသစ်တွေ ပေါ်ထွက်လာနိုင်ချေရှိနေ ပါတယ်။ ၂၀၁၅ အလွန် မြန်မာ့နိုင်ငံရေး မှာ လက်ရှိအာဏာရပါတီ ဖြစ်တဲ့ ပြည်ခိုင်ဖြိုးပါတီအနေနဲ့ ကတော့

ပါဝါပလေယာအသစ် ပေါ်ထွက်လာနိုင်ချေနည်းပြီး နဂိုရှိရင်းပြီးသား ပါဝါပလေယာတွေ သာ ဆက်လက်ပြီး နိုင်ငံရေး အခင်းအကျင်းမှာ ပုံစံပြောင်း ကစားနိုင်ချေရှိတယ်လို့ သုံးသပ်ရပါတယ်။ အတိုက်အခံပါတီ ဖြစ်တဲ့ NLD ပါတီမှာ ပါဝါပလေယာအသစ်တွေ ပေါ်ထွက်လာနိုင်သလို၊ တိုင်းရင်းသားအင်အားစုတွေ ထဲကနေလည်း ဒီကနေ့နိုင်ငံရေး အခြေအနေထက် ပိုမိုပါဝင် ပတ်သက်ခွင့်ရမယ့် ပတ်သက်နိုင်စွမ်း ရှိတဲ့ ပါဝါပလေယာအသစ်တွေ ပေါ်ထွက်နိုင်ချေရှိနေပါတယ်။

ပိုပြီး သေချာချက်ကို ပြောရမယ်ဆိုရင် ပြည်ခိုင်ဖြိုးပါတီ(USDP) က နေမွေးထုတ်ပေးမယ့် NLD ပါတီ အတွက်ပါဝါပလေယာအသစ်ပေါ်ထွက် လာနိုင်ချေရှိပါတယ်။ ပြည်ခိုင်ဖြိုးက မွေးထုတ်ပေးမယ့် NLD အတွက်ပါဝါပလေယာအသစ်လို့ ဆိုထားတာ ဟာ ပြည်ခိုင်ဖြိုးအင်အားစုထဲကနေ ဖြစ် ပေါ်လာမယ့် NLD အတွက် ပါဝါပလေယာအသစ်ကို ညွှန်းဆိုချင်တာ မဟုတ် ပါဘူး။ လတ်တလောအချိန်မှာ အာဏာရပါတီ ဖြစ်တဲ့ ပြည်ခိုင်ဖြိုးပါတီနဲ့ တပ်မတော် တို့က နိုင်ငံရေး အရ သဘောထားကြီးမှု ကို ထုတ်ဖော်မပြသဘဲ ဒေါ်အောင်ဆန်းစုကြည် သမ္မတမ ဖြစ်ရေး ကို ပိတ်ပင်ထားတဲ့ ပုဒ်မ ၅၉ (စ)ကိုမပြင်ဆင်ဘူးဆိုရင်တော့ အဓိက ပြိုင်ဘက်ပါတီရဲ့ ပါဝါပလေယာအသစ် တစ်ယောက် ဟာ ၂၀၁၅ အလွန်မှာ ပေါ်ထွက်လာနိုင်ချေရှိတယ်လို့ ဆိုလို ချင်တာပဲ ဖြစ်ပါတယ်။

ဆိုရရင် ၂၀၁၅ ရွေးကောက်ပွဲမှာ NLD ဟာ အများ စုနေရာ အနိုင်ရရှိခဲ့ မယ်ဆိုရင် သမ္မတလောင်း တစ်ယောက် တင်သွင်းရတော့မှာ ပါ။

၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ ပုဒ်မ ၅၉ (စ)ကို ပြင်ဆင်နိုင်ခြင်း မရှိရင် NLD အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်မဟုတ်တဲ့သူ တစ်ယောက် ကို သမ္မတလောင်းအ ဖြစ် တင်သွင်းဖို့ ရွေးချယ်ရပါတော့မယ်။ အဲဒီ လို တင်သွင်း လာမယ့် သမ္မတလောင်းဟာ NLD ကထွက်ပေါ်လာမယ့် ပါဝါပလေယာ အသစ်လို့ သုံးသပ်ခြင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေအရ မြန်မာ ပြည်ရဲ့ အဓိက ပြိုင်ဘက်ပါတီ နှစ် ခု ဖြစ်တဲ့ USDP ပါတီနဲ့ NLD ပါတီတို့မှာ လိုလားချက်တွေ ကိုယ်ဆီရှိနေပြီး ကိုယ့်လိုလားချက်တွေ

ကိုအကောင် အထည်ဖော်နိုင်ဖို့ အသီးသီးဆောင် ရွက်နေကြတာကို တွေ့ရမှာ ပါ။

အာဏာရပါတီ ဖြစ်တဲ့ USDP က လာမယ့် ရွေးကောက်ပွဲမှာ PR အချိုး ကျကိုယ်စားပြုမှု စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ဖို့ ဆန္ဒရှိနေသလို NLD ပါတီကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး သော့ချက် ဖြစ်တဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ကို အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။

တပ်မတော် အနေနဲ့ကတော့ အဆိုပါလိုလားချက် နှစ် ခုစလုံးမှာ ဘယ် ဘက်ကိုမှ ရပ်တည်နေခြင်းမရှိတာကို လွှတ်တော် တွင်း တရားဝင်ပြသထား တာကိုလည်း တွေ့မြင်နိုင်ပါတယ်။ တိုင်းရင်းသားအင်အားစုအချို့ကလည်း အချိုးကျကိုယ်စားပြုစနစ်ကို လက်မခံကြောင်း ထုတ်ဖော်ပြောကြားထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး ကို လိုလားလျက်ရှိနေကြတာကို တွေ့မြင် နိုင်ပါတယ်။

အမျိုးသားလွှတ်တော် မှာ ဆုံးဖြတ်ခဲ့တဲ့ ရလဒ်ကိုကြည့်မယ်ဆိုရင်တော့ အချိုးကျကိုယ်စားပြုစနစ်ဟာ တပ်မတော် သား ၂၅ ရာခိုင်နှုန်းနဲ့ NLD အပါဝင် တိုင်းရင်းသားအင်အားစု အချို့က ကန့်ကွက်မယ်ဆိုရင်တောင် အကောင်ထည်ပေါ်လာနိုင်တာကိုလည်း သတိပြုရပါမယ်။

NLD ရဲ့ လိုလားချက် ဖြစ်တဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ကတော့ တပ်မတော် သား ၂၅ ရာခိုင်နှုန်းနဲ့ USDP ပါတီရဲ့ သဘောတူညီမှု မရှိဘဲနဲ့ အကောင် အထည်ဖော်ဖို့ မ ဖြစ်နိုင်ပါဘူး။

USDP အနေနဲ့ မိမိတို့ လိုလားချက်တစ်ခုထဲကိုပဲ ညှိနှိုင်းမှု မပြုလုပ်ဘဲ အကောင်အထည်ဖော်မလား ဒါမှမဟုတ် NLD နဲ့ တိုင်းရင်းသား အင်အားစုတွေ လိုလားတဲ့ ဖွဲ့စည်းပုံပြင်ဆင်ရေး၊ ပုဒ်မ ၄၃၆ပြင်ဆင်နိုင်မှု အပေါ်မှာ ညှိနှိုင်းဆောင်ရွက်ပေးခြင်းနဲ့ NLD အပါအဝင် တိုင်းရင်းသားအင်အားစုတွေ လက်ခံနိုင်ပြီး မြန်မာပြည်နဲ့ ကိုက်ညီမယ့် အချိုးကျ ကိုယ်စားပြုစနစ်တစ် ခု(အချိုးကျကိုယ်စားပြုစနစ် စစ်စစ် ဖြစ်ချင်မှ ဖြစ်မည် ပုံစံတစ်ခု)ကို ညှိနှိုင်း အဖြေရှာ ဆောင်ရွက်ပေးနိုင်မလားဆိုတာက အရေး ကြီးတဲ့ နည်းဗျူဟာ

တစ်ခု ဖြစ်လာမယ်လို့ ယူဆရပါတယ်။

အလားတူ NLD ပါတီအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရေး တို့မှာ လူထုဆန္ဒခံယူရေး ကတစ်ဆင့် တခြားသော နည်းဗျူဟာနဲ့ တွေ့ဆုံဆွေးနွေးမှု ညှိနှိုင်းအဖြေရှာမှု တွေ ကို ဘယ်လို ဆောင်ရွက်သွားနိုင်မလဲဆိုတာကလည်း အရေး ကြီးနေပါတယ်။မည် သို့ ပင်ဆိုစေ ၂၀၁၅ ရွေးကောက်ပွဲမှာ အချိုးကျ ကိုယ်စားပြုစနစ်ကိုအသုံးပြုပြီးဆောင် ရွက်မယ်ဆိုရင်တောင် လက်ရှိလူထု ထောက်ခံမှု အင်အားအရ ပြည်သူ့လွှတ် တော် မှာ သမ္မတလောင်း တင်သွင်းနိုင်မယ့် ရာခိုင်နှုန်းကို NLD ကသာလျှင် ရရှိမယ့် အခြေအနေမှာ ရှိပါတယ်။ ဒါဟာ နိုင်ငံရေး အရ ပကတိအရှိတရား ဖြစ်တဲ့အတွက် USDP နဲ့ တပ်မတော် အနေနဲ့လက်ခံဖို့ လိုအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ သမ္မတလောင်းအရည်းချင်း သတ်မှတ်ချက် ဖြစ်တဲ့ ပုဒ်မ၅၉(စ)ကိုပြင်ဆင်နိုင်ခြင်း မရှိဘဲ ၂၀၁၅ ရွေးကောက်ပွဲကျော်ဖြတ် သွားမယ်ဆိုရင် ပြည်သူ့လွှတ်တော် က တင်သွင်းမယ့်သမ္မတလောင်းဟာ NLD ပါတီရဲ့ ပါဝါပလေယာအသစ် ဖြစ်လာနိုင်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကို မရောက်မီ လက်ကျန်သက်တမ်းအတွင်း းမှာ USDP ပါတီအပါအဝင် တပ်မတော် အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အပေါ် တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ပေးတာမျိုးမရှိဘဲ မိမိတို့လိုလားချက် သက်သက်ကို အင်အားအသုံးပြုအကောင်အထည်ဖော် ဆောင်ရွက်မယ်ဆိုရင်တော့ ၂၀၁၅ အလွန်မှာ နိုင်ငံရေး လွန်ဆွဲမှု တွေ သာ အားကောင်းလာလိမ့်မယ်ဆိုတာ သတိပြုဖို့လိုပါတယ်။

နိုင်ငံရေး အရ လွန်ဆွဲမှု တွေ များ လာခဲ့ရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထုထောက်ခံမှု နဲ့ နိုင်ငံရေး ဩဇာတွေ အပြင် တစ်ခြားသော ပါဝါပလေယာ အသစ် တစ်ယောက် ပါ ရှိနေမယ်ဆိုရင် မြန်မာ့နိုင်ငံရေး အခင်းအကျင်းပေါ်မှာ USDP အတွက် ထင်မှတ်ထားတာထက်အကျပ်အတည်းပိုဆိုက်သွားနိုင် ချေရှိပါတယ်။ ဒီလို အခြေအနေမျိုး ဖြစ်မလာအောင် USDP အနေနဲ့ လက် ကျန်သက်တမ်းအတွင် းမှာ နိုင်ငံရေး စိတ်စေတနာရှိရှိ နည်းဗျူဟာတွေ ဆောင်ရွက်ပြီး ဆုံးဖြတ်အဖြေရှာဖို့လိုပါတယ်။ ဒီအဖြေဟာ

မြန်မာ့နိုင်ငံရေး အတွက်လည်း အရေး ပါလာပါလိမ့်မယ်။

မြန်မာ့နိုင်ငံရေး မှာ ကောင်းမွန်တဲ့ အဖြေ ဖြစ်လာဖို့က တွေ့ဆုံဆွေးနွေး ညှိနှိုင်းရေး နဲ့ ပူးပေါင်းဆောင်ရွက်ရေး တွေ ကသာ ဖော်ဆောင်ပေးနိုင်ပါလိမ့် မယ်။ ဒီနေရာမှာ လေးပွင့်ဆိုင်တွေ့ ဆုံဆွေးနွေးရေး က အရေး ပါနေတယ် ဆိုတာကို သက်ဆိုင်ရာ ခေါင်းဆောင်တွေ အနေနဲ့လည်း မမေ့လျော့သင့် တော့ပါဘူး။

မြန်မာ့နိုင်ငံရေး အခြေအနေအရ နိုင်ငံရေး ပါတီတွေ အချင်းချင်းကြားမှာ တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဘက်တွေ လို သဘောထားရမယ့် အခြေအနေမှာ ရှိမနေပါဘူး၊ တိုင်းပြည် ပြန်လည်ထူထောင်နိုင်ရေး ၊ ဒီမိုကရေစီအသွင် ကူးပြောင်းမှု ချောမွေ့နိုင်ရေး တို့အတွက် ပူးပေါင်းဆောင်ရွက်ရမယ့် အခြေအနေ မှာ သာ ရှိနေပါတယ်။

မြန်မာ့နိုင်ငံရေး မှာ ကောင်းမွန်တဲ့ အဖြေရလဒ်တွေ ဖြစ်ပေါ်လာဖို့အတွက် နိုင်ငံရေး ပါတီစွဲတွေ ကို ခေတ္တဖယ်ထားပြီး လတ်တလောအခြေအနေအရ အဓိကခေါင်းဆောင်အားဖြင့် ကြည့်မယ် ဆိုရင် အင်အားစု ငါးခုရှိတာကိုတွေ့ရ ပါမယ်။

ပထမအင်အားစုက နိုင်ငံတော် သမ္မတဦးဆောင်တဲ့ အုပ်ချုပ်ရေး အစိုးရ အဖွဲ့ ဖြစ်ပါတယ်။ ဒုတိယ အင်အားစုက ပြည်ထောင်စုလွှတ်တော် နာယက နဲ့ လွှတ်တော် အင်အားစု ဖြစ်ပါတယ်။ တတိယအင်အားစုက ဒေါ်အောင်ဆန်း စုကြည်နဲ့ ဒီမိုကရေစီအင်အားစု ဖြစ်ပါတယ်။ စတုတ္ထအင်အားစက တိုင်း ရင်းသားများ အင်အားစု ဖြစ်ပါတယ်။ ပဥ္စမအင်အားစုက ကာကွယ်ရေး ဦးစီး ချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တပ်မတော် ဖြစ်ပါတယ်။ ဒီအင်အားစုတွေ ရဲ့ တွေ့ဆုံဆွေးနွေးရေး နဲ့ ပူးပေါင်းဆောင်ရွက် ရေး တွေ ကသာလျှင် မြန်မာ့နိုင်ငံရေး ကို ကောင်းမွန်တဲ့အဖြေတွေ ထုတ်ပေးနိုင်ပါလိမ့်မယ်။

၂၀၁၅ ရွေးကောက်ပွဲအလွန် သမ္မတရွေးချယ်ရေး ကို လှမ်းမျှော် ကြည့်မယ်ဆိုရင် သမ္မတလောင်း သုံးယောက် မှာ အမျိုးသားလွှတ်တော် က နေတိုင်းရင်းသားတွေ အတွက်ကိုယ်စား ပြုမှု ရှိတဲ့ တိုင်းရင်းသား တစ်ယောက် ကို ဝေစုအ ဖြစ်တင်သွင်းပေးနိုင်ရပါမယ်။

ပြည်သူ့လွှတ်တော် က တင်သွင်းမယ့် သမ္မတလောင်း ကတော့ NLD ကပဲ ဖြစ်ပါလိမ့်မယ်။ တပ်မတော် နဲ့ USDP ပါတီအတွက် ကတော့ သမ္မတ လောင်းအတွက် တပ်မတော် က တင်သွင်းရမယ့် တစ်နေရာသာ ကျန်ရှိတာကို တွေ့ ရပါမယ်။ လက်ရှိနိုင်ငံရေး အခင်းအကျင်းနဲ့ ပါဝါပလေယာ တွေ အရ ကြည့်မယ်ဆိုရင် တပ်မတော် ဝေစုထဲက တင်သွင်းလာမယ့် သမ္မတလောင်း ဟာ ရှိနေဆဲအင်အားစုတွေ ထဲက ဖြစ်တဲ့ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်၊ ပြည် ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း၊ ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ထဲက တစ်ယောက် ဖြစ်နိုင်ချေရှိတယ်လို့ သုံးသပ်ရပါတယ်။ တပ်မတော် နဲ့ USDP ပါတီ တို့အနေနဲ့ ကတော့ တင်သွင်း မယ့်သမ္မတလောင်းဟာ ယခင်တပ်မတော် ခေါင်းဆောင်များ ရဲ့ အကျိုးစီးပွားနဲ့ တပ်မတော် ရဲ့ အခန်းကဏ္ဍကို ကာကွယ်ပေးနိုင်မယ့်သူကိုသာရွေးခြယ်ဖို့ အယူအဆရှိလိမ့်မယ် ဆိုတာသေချာပါတယ်။ ဒါပေမယ့် လည်းရွေးချယ် လိုက်တဲ့ သမ္မတလောင်းဟာ ဒုတိယသမ္မတနေရာမှာ တင်ရပ်နေရပြီး၊ နိုင်ငံရေး ဩဇာ၊ နိုင်ငံရေး ပါဝါ၊ နိုင်ငံရေး အမျှော်အမြင်နဲ့ လုပ်နိုင်စွမ်းတွေ မရှိဘူးဆိုရင်တော့၊ လက်ရှိတာဝန်ယူထားတဲ့ ဒုသမ္မတတွေ ရဲ့ အခြေအနေတွေ ၊ နိုင်ငံရေး ပါဝင်ပတ်သက်နိုင်စွမ်းတွေ ရဲ့ သင်ခန်းစာအရ အလုပ်မ ဖြစ်နိုင်တဲ့ ခြွင်းချက်ရှိနေပါတယ်။ ဒီအတွက် တပ်မတော် ခေါင်းဆောင်တွေ အပါအဝင် USDP ခေါင်းဆောင်တွေ အနေနဲ့ မိမိတို့အကျိုးစီးပွားကို ဘယ်လောက် ကာကွယ်ပေးနိုင်မလဲဆိုတဲ့ ယုံကြည်ချက်အရ ရွေးချယ်မယ်ဆိုရင် နိုင်ငံရေး အရ ရှုံးနိုင်ချေရှိတာကို သတိပြုဖို့လိုပါတယ်။

ဒါ့အပြင် တပ်မတော် အင်အားစု၊ အာဏာရအင်အားစု ခေါင်းဆောင်တွေ ရဲ့ နိုင်ငံရေး အမြော်အမြင်ကြီးမှု က အရေး ကြီးသလို၊ တွေ့ ဆုံဆွေးနွေးရေး နဲ့ နိုင်ငံရေး စိတ်စေတနာကြီးမှု ကလည်း အရေး ကြီးပါတယ်။လက်ကျန်သက်တမ်းအတွင်း မှာ နိုင်ငံရေး စိတ်စေတနာ ရိုးသားမှု ရှိကြောင်း တွေ့ ဆုံဆွေးနွေး ရေး လမ်းစဉ်ကို လက်ခံကြောင်း ပြသခြင်းကသာလျှင် ၂၀၁၅ ရွေးကောက်ပွဲ အလွန် နိုင်ငံရေး အခင်းအကျင်းမှာ နိုင်ငံရေး ဂုဏ်သက္ခာနဲ့ အနာဂတ်တိုင်းပြည်ရဲ့ အခြေအနေမှာ အကောင်းဘက်ကို

ဆယ်တင်နိုင်ပါလိမ့်မယ်။ တပ်မတော် နဲ့ USDP ပါတီတို့ရဲ့ ခေါင်းဆောင်တွေ ၊ လက်ရှိအာဏာရ အုပ်ချုပ်ရေး အစိုးအဖွဲ့ရဲ့ ခေါင်းဆောင်တွေ ဟာ ၂၀၁၅အလွန် မြန်မာ့နိုင်ငံရေး မှာ နိုင်ငံရေး ဂုဏ် သက္ခာမြှင့်တင်နိုင်ဖို့နဲ့ တိုင်းပြည်အနာဂတ်ကောင်းများ တည်ဆောက်နိုင် ဖို့အတွက် အခွင့်အလမ်း ကောင်းတွေ ရှိနေပါတယ်။ ဒီအခွင့်အလမ်းတွေ ကို စိတ်စေတနာရှိရှိ ဘယ်လိုအသုံးချမလဲ၊ ဘယ်လိုနည်းဗျူဟာတွေ နဲ့ ဖော်ဆောင် မလဲဆိုတာက အရေး ကြီးပါတယ်။ အကောင်းမွန်ဆုံး အကြံပြုရမယ်ဆိုရင် လေးပွင့်ဆိုင် တွေ .ဆုံရေး ကို လက်ခံဖို့နဲ့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ပုဒ်မ ၅၉ (စ) ပြင်ဆင်ရေး ကိစ္စရပ်တွေ ကို ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက် ရယူပေးဖို့ ဖြစ်ပါတယ်။ ဒီဆောင်ရွက်မှု တွေ ကတစ်ဆင့် အနာဂတ်လုံခြုံမှု နဲ့ နိုင်ငံရေး ဂုဏ်သိက္ခာကို ညှိနှိုင်းနိုင်ပါလိမ့်မယ်။

ဒါဆိုရင်တိုင်းပြည်အတွက်ရော လက်ရှိအာဏာဆုပ်ကိုင်ထားသူတွေ အတွက်ရော NLD နဲ့ ဒီမိုကရေစီ အင်အားစုတွေ အတွက်ရော တိုင်းရင်းသားအင်အားစုတွေ အတွက်ရော သားရွှေအိုးထမ်းတဲ့ အခြေအနေကို ရရှိနိုင်ပါလိမ့်မယ်။

အချုပ်အားဖြင့် ဆိုရရင် လက်ရှိ အခြေအနေမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံ ရေး လွန်ဆွဲမှု ယှဉ်ပြိုင်အလဲထိုးမှု ၊ အင်အားအသုံးချမှု တွေ နဲ့ ဆက်သွားနေမယ်ဆိုရင် ၂၀၁၅ အလွန်မှလည်းမှာ တစ်ဖက်နဲ့တစ်ဖက် မယုံကြည်မှု တွေ သာ ကြီးစိုးပြီး အလဲထိုးဖို့သာ ကြိုးစား နေကြပါလိမ့်မယ်။ ဒီအခြေအနေ မျိုးမှာ ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထုထောက်ခံမှု နိုင်ငံရေး ဩဇာ ကြီးမားမှု တွေ အပြင် NLD မှာ ပေါ်လာမယ့် ပါဝါပလေယာအသစ်နဲ့ပါ ယှဉ်ပြိုင်နေရမယ့် နိုင်ငံရေး လွန်ဆွဲနေရမဲ့ အနာဂတ်အခြေအနေကို မှန်းစကြည့်ဖို့ လိုပါတယ်။

ဒီလိုအကျပ်အတည်းတွေ လွန်ဆွဲမှု တွေ ဖြစ်ပေါ်မလာဖို့အတွက် တိုင်း ပြည်အတွင် းမှာ ရှိတဲ့ အင်အားစုတွေ အခြင်းခြင်းကြား ပူးပေါင်းညှိနှိုင်းပြီး နိုင်ငံတည်ဆောက်ရေး လမ်းစဉ်ကို စိတ်စေတနာရှိရှိ ရိုးသားမှု ရှိရှိ လုပ်လိုက်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

•••